ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်၊ ကြာသပတေးနေ့၊ (23-6-2005) (၄၆၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိတ္ထီလာခရိုင်နှင့် ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်မန္တလေးတိုင်း မိုးစပါးစိုက်ဧကပြည့်မီရေး လယ်မြေများဖော်ထုတ်စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ရာတွင် သေချာစွာ တွက်ချက် စစ်ဆေး

ရန်ကုန် ဇွန် ၂၂

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၂၀ရက် နံနက် ၇နာရီတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က မြို့လုတမံတည်ဆောက်ရာ၌ လုပ်ငန်း၏ ၃၂ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေ၊ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဗိုလ်မှူးမြင့်သိန်းက ခရိုင်အတွင်း ဆည်ငယ်၊ ကန်ငယ်များတူးဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက စပါးနှင့်သီးနှံများ စိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ဆင်သေဆည်သို့ ရေဝင်ရောက်မှုအခြေအနေ၊ မြို့လုချောင်းနှင့်သစ်လေးလုံးချောင်းမှ ရေကိုစုဆောင်းပြီး ရမည်းသင်းခရိုင်၌ မိုးစပါးစိုက်ပျိုးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

မြို့ကြီးရေလှောင်တမံစီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၆-၂၀၀၅
(ကြာသပတေးနေ့)

ကျေးလက်လမ်းနှင့်တံတားများ တိုးမြှင့်ဖွင့်လှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီဆက်လက်ကြိုးပမ်း

ယနေ့ကာလသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော် အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားပြည်သူများအားလုံး လူနေမှုအဆင့်မြင့်မားစေရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လုပ်ကိုင်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သကဲ့သို့ ဖွံ့ဖြိုးမှု ကွက်လပ်မကျန်စေရေးအတွက်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများ သတ်မှတ်၍ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိသည်။ ထိုနည်းတူ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ကိုင်နေသည်ကို တွေ့ရသည်။

နိုင်ငံတော် အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ် ၃၀ နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်နေသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ မြို့ပြနှင့်ကျေးလက်လမ်း မိုင် သုံးသောင်းကျော်နှင့် တံတားပေါင်း တစ်သောင်း ခုနစ်ထောင်ကျော် ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)အား ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်များ ဖွင့်လှစ်ပွဲနှင့် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ဇွန်လ ၁၉ ရက်နေ့က အဆိုပါ ကျေးရွာများနှင့် ကျောင်းတို့၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက် လမ်းများမှာ လမ်းအကျယ် ၁၀ ပေ၊ အရှည်ပေ ၃၅၀၀ ရှိ ရန်ကုန်-ပြည်လမ်းမနှင့် ပိန္နဲကုန်းကျေးရွာချင်းဆက် ဂဝံလမ်းသစ်နှင့် လမ်းအကျယ် ၁၂ပေ၊ အရှည်ပေ ၁၅၀၀ ရှိ ရန်ကုန်အမှတ်(၄)လမ်းမနှင့် သဲဖြူကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် ဂဝံလမ်းသစ်တို့ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လမ်းများ၊ တံတားများကို နိုင်ငံတော်တစ်ဝန်း ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ စေတနာရှင်များကလည်း ငွေအား၊ လူအားဖြင့် ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်လျက်ရှိကြသည်ကို တွေ့မြင်ရသည်။

ပဲခူးတိုင်း တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ကို ဆက်သွယ်ပေးသည့် အရှည်ပေ ၄၀၀ ရှိ ကိုယ့်အားကိုယ်ကိုး ခပေါင်းချောင်းကူးတံတားနှင့် ရေတာရှည်မြို့နယ် ဆွာမြို့နှင့် ရေဦးကျေးရွာတို့ကို ဆက်သွယ်ပေးသည့် အရှည် ၆၃၈ ပေရှိ ဆွာချောင်းကူးတံတားတို့ကိုလည်း ဇွန်လ ၁၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားများကို ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားများကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အဆိုပါဒေသရှိ ကျေးရွာပေါင်း ၄၇ ရွာမှ ဒေသခံပြည်သူများ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသလမ်းနှင့် တံတားများကို တိုးမြှင့်ဖောက်လုပ် တည်ဆောက်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအားလုံးက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံမှ အက်စ်အက်စ်ပီကုမ္ပဏီအဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Vice President, Mr. Makin Petplai နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Vice President, Mr. Makin Petplai **နှင့် အဖွဲ့ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ဂုဏ်ပြုကြိုဆို သန့်ရှင်းရေး ပြုလုပ်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၉ ရက်က မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြသန်း(ငြိမ်း)ဦးဆောင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ (၂/က) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအင်အား ၃၅၀ခန့်တို့က (၂/က)စံပြရပ်ကွက် သပြေလမ်းဈေး၊ အမှတ်(၃)လမ်းမကြီးဘေးဝဲယာရှိ ရေသိုးရေပုပ်များ၊ အမှိုက်သရိုက်များ ဖော်ထုတ်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြသည်။ **(အောက်ပုံ)** (က-ပ)

စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စည်ပင်သာယာ ဒု-ညွှန်ချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေး ဆိုင်ရာလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ရက်ကကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇွန် ၁၇ ရက်တွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့ လိုက်ပါလျက် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော စစ်တွေမြို့ မြို့လယ်ချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နုန်းနှင့်အမှိုက်များကို စက်ယန္တရားများဖြင့် ဆယ်တင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**
(နယ်စပ်/စည်ပင်)

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၂၂

လက်ပံတန်းမြို့နယ်အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ စား/ဖျော်ဖြေမွာရုံတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများ၊ အသက် (၇၅)နှစ်နှင့်အထက် ရန်ကုန်ရောက်အသင်းဝင်များနှင့် အသင်းဝင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။
(က-ပ)

ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား UNDPဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNDPဌာနေ ကိုယ်စားလှယ် Mr. Charles James Petrie သည် ဗန်ကောက်အခြေစိုက် UNIAP ဌာနေ ဒုတိယစီမံကိန်းမန်နေဂျာ ဒေါက်တာဒေါ်စုစုသာထွန်းနှင့်အတူ ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမောင်ဝင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာန ဌာနမှူးရဲမှူးကြီးစစ်အေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးကျော်စန်းတို့တက်ရောက်ကြသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာ မူလတန်း ကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးပေးစဉ်။

(သစ်တောရေးရာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့်အတူ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ် ဒေါဘူးကူးကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်ဦးဩဒဉာဏအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဆောက်လုပ်ဆဲ ဘုန်းတော်ကြီးကျောင်းကိုကြည့်ရှုစစ်ဆေးပြီး ဒေါဘူးကူး၊ ဒေါပေါ်ကလဲ၊ ဒေါသဲ၊ ဒေါလျားလီ၊ ဒေါပိတကျေးရွာများမှ ရွာသူရွာသားများအားတွေ့ဆုံ၍ နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ပေးမှုအခြေအနေများကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ဒီမောဆိုမြို့နယ် သေးဆူလဲရွာသစ်ရှိ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အသင်းကြီး၏ လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးရွာအခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များနှင့် ကျေးရွာအတွက် အဝတ်အထည်များကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် သေးဆူလဲရွာရှိ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ဆောက်လုပ်ဆဲကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ်ပြီးစီးရေး တင်ပြချက်များအပေါ် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ရေအားလျှပ်စစ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာနှင့် တစ်မိုင်အကွာ နန်းတဘက်ချောင်းရှိ ကိုယ့်အားကိုယ်ကိုး ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထီးစဲခါးကျေးရွာရှိ ဓမ္မရောင်ခြည်ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိပြီး ကျေးရွာသူ၊ ရွာသားများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က မြို့ပြနှင့်ကျေးလက်ဒေသများ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးရွာကျောင်းနှင့် ကျေးရွာလူထုအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ကျောင်းဆောင်သစ်ကို ပြည်နယ်လက်ထောက်ပညာရေးမှူး ဒေါ်မြမြ၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထိန်၊ ကျောင်းအကျိုးတော်ဆောင် ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးဦးဝင်းထိန်သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်လင်လေးကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ် ဖွင့်ပွဲသို့တက်ရောက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ထွန်းကြည်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကြီး၊ စည်းရုံးရေးမှူး ဦးတင်ငွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်ကော်မြို့ ပြည်နယ်အသင်းရုံးခန်းမ၌ကျင်းပသည့် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးသည့် နာရေးကူညီမှုအသင်း ဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ အလှူရှင်များက အလှူငွေများကို ပေးအပ်ကြသည်။

သစ်ပင်စိုက်ပျိုး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဇွန်၂၁ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း ကျင်းပသည့် သစ်ပင်စိုက်ပွဲတော်သို့တက်ရောက်ကြ၍ သစ်ပင်များစိုက်ပျိုးပေးကြပြီး ရွာသူရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာရာဂျစ်ကူးမား ဗာတီးယား၏ နေရာတွင် မစ္စတာဘာစကား ကူးမားမီထရာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်ခဲ့

မစ္စတာ ဘာစကားကူးမားမီထရာသည် ၁၉၄၈ခုနှစ် စက်တင်ဘာ ၈ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့လွန်ဘွဲ့ ရရှိထားသူဖြစ်သည်။ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသို့ ၁၉၇၃ခုနှစ် ဇူလိုင်လတွင် ဝင်ရောက်ခဲ့ပြီး အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနနှင့်မော်စကို၊ ကတ္တမန္ဒူး၊ နယူးယောက်နှင့် နိုင်ရိုဘီမြို့များရှိ အိန္ဒိယသံရုံး၊ အဖွဲ့ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပြည်ပရေးရာဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဥဇဘက်ကစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ဘာရိန်းနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၃)မှ သင်တန်းသား ၇၀ အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ယနေ့ မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြောပို့ချသည်။ (သတင်းစဉ်)

မိဘနှစ်ပါးဖြစ်သူ ဦးကျော်ငြိမ်း–ဒေါ်သိန်းတင်တို့အား ရည်စူး၍ အမှတ်(၇၀၁)၊ (၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်မြညွန့်နှင့် ညီမဒေါ်ခင်မာစိုးတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းလက်ခံယူစဉ်။ (က–ပ)

ဒေသဆိုင်ရာ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ အစည်းအဝေးပြီးဆုံး ဘဏ္ဍာရေးစနစ် လုံခြုံစိတ်ချရမှုရှိရေး ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇွန် ၂၁

အရှေ့အာရှနှင့် ပစိဖိတ်ဒေသတို့ရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများသည် ဒေသဆိုင်ရာ ဘဏ္ဍာရေး လုံခြုံစိတ်ချရမှုကွန်ရက် တည်ဆောက်ရန်လည်းကောင်း၊ ပြင်ပဖိအားပေးမှုများကြောင့် ဘဏ္ဍာရေး ပြဿနာများ တွေ့ကြုံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားရန် လည်းကောင်း သဘောတူညီလိုက်ကြောင်း အင်ဒိုနီးရှား စီးပွားရေးသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပခဲ့သော ဒသမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဗဟိုဘဏ်များနှင့် ငွေကြေးအာဏာပိုင် အဖွဲ့များ၏ အစည်းအဝေးအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် စီးပွားရေး ခိုင်မာတောင့်တင်းစေရန် မိမိတို့ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဘာဟာနျူဒင် အဗ္ဗဒူလာက ပြောကြားသည်။

လိုအပ်

အရှေ့အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ဘဏ္ဍာရေးမူဝါဒများ ထိရောက်အောင်မြင်မှု ရှိစေရေးအတွက် ခိုင်မာတောင့်တင်းပြီး တည်ငြိမ်မှုရှိသည့် ငွေကြေးစနစ်တစ်ရပ် လိုအပ်ပုံကို ဒေသဆိုင်ရာ ဘဏ္ဍာရေးအကြီးအကဲများက နားလည်သဘောပေါက်ကြကြောင်း ၎င်းက ပြောကြားသည်။

ဒေသဆိုင်ရာ ဘဏ္ဍာရေးစနစ် ခိုင်မာမှုရှိရေးမှာ အရေးကြီးကြောင်း၊ ဇောက်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် အညီ ငွေကြေးဆိုင်ရာ မူဝါဒကို ပြုပြင်ကျင့်သုံးရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကျင်းပခဲ့သည့် အစည်းအဝေးသို့ တရုတ်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်နှင့် ထိုင်းတို့မှ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများနှင့် ဖိလစ်ပိုင် ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်ရဲစခန်း ကားဗုံးပေါက်ကွဲ အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၁

ပြောက်ကျားများက ဘဂ္ဂဒက်မှ ရဲစခန်းတစ်ခုကို ကားဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင် လေးဦးထက်မနည်း တနင်္လာနေ့ စောစောပိုင်းက သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရဲတပ်ဖွဲ့လှည့်ကင်းက တုံ့ပြန် တိုက်ခိုက်ခဲ့ရာတွင် ပြောက်ကျားများက ကားဗုံးဖြင့် ဘဂ္ဂဒက်အနောက်တောင်ပိုင်းရှိ ဘာဗာရဲစခန်းအား နံနက် ၅ နာရီ ၂၀ မိနစ်က ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရတ်ရဲလှည့်ကင်းက တုံ့ပြန်တိုက်ခိုက်စဉ် ခုခံရေးသမားများက အိမ်လုပ်ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခဲ့သဖြင့် လူလေးဦးသေဆုံးပြီး အခြားလေးဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း၊ အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးပျောက်ဆုံးနေကြောင်း ကြေညာချက်တွင် ပါရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် မော်တော်ယာဉ်အပျက်အစီးများအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသော ကန်တပ်ဖွဲ့ဝင် တစ်ဦးကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော ဈေးဆိုင်များကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်နက်ကိုင်များက ရဲအရာရှိနှစ်ဦးအား ဘဂ္ဂဒက်တွင်သတ်ဖြတ်

ဘဂ္ဂဒက် ဇွန် ၂၁

ရုံးသို့ လာရောက်သည့် အီရတ်ရဲအရာရှိနှစ်ဦးအား မည်သူမည်ဝါမှန်း မသိရသော လက်နက်ကိုင်များက ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက သတ်ဖြတ်ခဲ့ကြသည်။

အဆိုပါ ရဲအရာရှိနှစ်ဦးသည် ဘဂ္ဂဒက်တောင်ပိုင်းဒေသရှိ ဒိုင်ယာလာ တံတားသို့ ဦးတည်လာနေစဉ် နံနက် ၈ နာရီက ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရှီးယိုက်လွှမ်းမိုးသည့် အီရတ်အစိုးရအဖွဲ့ ဧပြီလကုန်ပိုင်းက ဖွဲ့စည်းပြီးကြောင်း ကြေညာပြီးခဲ့သည့်နောက် ပြောက်ကျားများက အီရတ်လုံခြုံရေးတပ်ဖွဲ့သစ်များအား အရှိန်မြှင့် တိုက်ခိုက်မှုကြောင့် လူ ၈၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖန်ဇီဘာကျွန်း စီးပွားရေးမြင့်တက်

ဒါရက်ဆလမ် ဇွန် ၂၁

တန်ဇန်းနီးယားနိုင်ငံ ဖန်ဇီဘာကျွန်းသည် အလျင်အမြန်တိုးတက်နေသော ဝန်ဆောင်မှုကဏ္ဍ၏ ပံ့ပိုးမှုကြောင့် လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း စီးပွားရေးတိုးတက်မှု မှန်မှန်ရရှိလျက်ရှိသည်။

ချမှတ်ထား

ဖန်ဇီဘာကျွန်းသည် ၂၀၀၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၄ ရာခိုင်နှုန်းမျှသာ ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ် စီးပွားရေး တိုးတက်နှုန်းသည် ၂၀၀၀-၂၀၀၄ ခုနှစ်ကာလတွင် အာဖရိကနိုင်ငံများအတွက် ချမှတ်ထားသော ၅ ဒသမ ၁ ရာခိုင်နှုန်းထက် မြင့်တက်လာခဲ့သည်။

အဓိကဖြစ်

လေးညင်းပွင့်ကဲ့သို့သော စီးပွားဖြစ်သီးနှံများစိုက်ပျိုးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ ကျွန်း၏ စီးပွားရေးအတွက် အဓိကဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် ယမန်နှစ်က ဖန်ဇီဘာ၏ ဂျီဒီပီ ၂၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးခဲ့သည်။

ဖြည့်ဆည်း

ဝန်ဆောင်မှုကဏ္ဍသည် ယမန်နှစ်က ၅၁ ရာခိုင်နှုန်းမြင့်တက်လာပြီး ဂျီဒီပီ၏ ၁၈ ရာခိုင်နှုန်းကို ဆောင်ကြဉ်းပေးသည်။ ခရီးသွားလုပ်ငန်းက ဂျီဒီပီ ၁၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်အစိုးရက နီပေါနိုင်ငံမှ ကလေးငယ်များအတွက် အကူအညီပေးမည်

ဝယ်လင်တန် ဇွန် ၂၁

နီပေါနိုင်ငံမှ ကလေးငယ်များ၏ အသက်ရှည်ရေးနှင့် အခက်အခဲများ လျော့ပါး သက်သာစေရေးအတွက် နယူးဇီလန်အစိုးရက ငွေကြေးလှူဒါန်းမည်ဖြစ်ကြောင်း အကူအညီပေးဌာနဝန်ကြီး မာရီယန်ဟော့ဘ်က ကြာသပတေးနေ့က ပြောကြားသည်။

နီပေါနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် စီမံကိန်း နှစ်ရပ်အတွက် ရန်ပုံငွေ ကူညီပံ့ပိုးသည့် အနေဖြင့် မိမိတို့၏ နိုင်ငံတကာ အကူအညီပေးနှင့် ဖွံ့ဖြိုးရေးဌာနက အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ထောက်ပံ့မည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

နီပေါနိုင်ငံသည် တောင်အာရှဒေသတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ၄၂ ရာခိုင်နှုန်းသော ပြည်သူလူထုသည် ဆင်းဆင်းရဲရဲဖြင့် နေထိုင်ကြရပြီး ကလေးငယ် ၁၀၀၀ တွင် ၉၁ ဦးမှာ ငါးနှစ်အရွယ် မရောက်မီ သေဆုံးကြသည်။

နီပေါနိုင်ငံတစ်ဝန်းတွင် ခရိုင် ၂၁ ခုမှ ကျောင်း ၄၂၀၀ ရှိ မူလတန်းကျောင်းသား ကလေးငယ် ၄၅၀၀၀၀ အတွက် ယင်းစီမံကိန်းက ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရရှိခံစား

အခြားစီမံကိန်းတစ်ခုမှာ ကျောင်းမှန်မှန်တက်နေသည့် အမျိုးသမီးကလေးငယ်များ၏ မိခင်များအား စားနပ်ရိက္ခာ ပံ့ပိုးမည့် အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်အရ မိန်းကလေးငယ် ၁၃၅၀၀၀ တို့ လောလောဆယ်အားဖြင့် ရရှိခံစားနေပြီဖြစ်သည်။

ဆင်းရဲမွဲတေမှု တိုက်ဖျက်ရာတွင် အမှန်တကယ်ထိရောက်မှုရှိစေလိုပါက အမျိုးသမီးကလေးငယ်များကို ကျောင်းနေစေပြီး ၎င်းတို့အား ယင်းအခြေအနေအတိုင်း ဆက်လက်ထိန်းသိမ်းထားမှု နှစ်ရပ်စလုံး လိုအပ်သည်ဟု ဟော့ဘ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုသမ္မတ ယူကရိန်းနိုင်ငံသို့ သွားရောက်လည်ပတ်

ကီရပ် ဇွန် ၂၁

မက္ကဆီကိုနိုင်ငံနှင့် ယူကရိန်းနိုင်ငံအကြားတွင် စီးပွားရေးမြှင့်တင်ဆောင်ရွက်ရန်အတွက် မက္ကဆီကိုသမ္မတ ဗင်ဆင်ဖော့စ်သည် ယူကရိန်းနိုင်ငံသို့ တနင်္ဂနွေနေ့က ရောက်ရှိခဲ့သည်။

မျှော်မှန်းထား

၎င်းနှင့်အတူ မက္ကဆီကို စီးပွားရေး ထိပ်တန်းခေါင်းဆောင်များ လိုက်ပါခဲ့ကြသည်။ မက္ကဆီကိုသမ္မတသည် ယူကရိန်းသမ္မတ ဗစ်တာယူချန်ကို၊ ဝန်ကြီးချုပ် ယူလီအာတိုင်မိုရှန်ကိုနှင့် လွှတ်တော် ဥက္ကဋ္ဌဖြစ်သူ ဗိုလိဒိုင်မာလီဗင်တို့နှင့်လည်း တွေ့ဆုံရန် မျှော်မှန်းထားကြသည်။

ပထမဆုံး

မက္ကဆီကိုသမ္မတသည် ယူကရိန်းနိုင်ငံတွင် နှစ်ရက်ကြာလည်ပတ်မှုခရီးစဉ် ပြီးဆုံးပြီးနောက် ရုရှားနိုင်ငံသို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ ၁၉၉၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်တွင် မက္ကဆီကိုသမ္မတတစ်ဦးအနေဖြင့် ပထမဆုံး သွားရောက်လည်ပတ်သော ခရီးစဉ်ပင်ဖြစ်သည်။

မော်စကိုတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အခြားသောအစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဖော့စ်က စီစဉ်ဆောင်ရွက်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယလေကြောင်း ခရီးစဉ်သစ် ဖွင့်လှစ် ဒါကာ-ကိုလ်ကတ္တား-လန်ဒန် ပျံသန်းမှုစတင်

နယူးဒေလီ ဇွန် ၂၁

အိန္ဒိယလေကြောင်းဌာနသည် ဒါကာ၊ ကိုလ်ကတ္တားနှင့် လန်ဒန်မြို့တို့ကို ဆက်သွယ်သော ခရီးရှည် လေကြောင်း ခရီးစဉ်ပျံသန်းမှုကို စနေနေ့တွင် ဖွင့်လှစ်လိုက်သည်။ လေကြောင်းခရီးစဉ်သစ် ဖွင့်လှစ်နိုင်ခြင်းသည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ဆက်ဆံရေးမြင့်မားတိုးတက်စေရန် အထောက်အကူပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

— မျှော်လင့် —

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမှသည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားနှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ပျံသန်းသော လေကြောင်းခရီးစဉ်ကို မကြာမီကာလမှစ၍ အပတ်စဉ်ပျံသန်းရာမှ နေ့စဉ်ပျံသန်းသွားနိုင်မည်ဟု မျှော်လင့်ရသည်။

— အကျိုးကျေးဇူး —

လေကြောင်းခရီးစဉ်သစ်ကို အိန္ဒိယလေကြောင်းဌာနက တိုးချဲ့နိုင်ခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးမြင့်မားမှုအတွက် အထောက်အကူပေးနိုင်သည့်အပြင် ကူးသန်းသွားလာမှု တိုးတက်စေရေးအတွက် အကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေကြောင်းခရီးစဉ်သစ် ပျံသန်းနိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများသည် အပန်းဖြေရန် ခရီးထွက်သွားခြင်း၊ စီးပွားရေးလုပ်ငန်းအတွက် ခရီးထွက်ခွာခြင်း၊ ဆေးဝါးကုသမှုခံယူရန် ခရီးထွက်ခွာခြင်းပြုလုပ်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်သံရုံးမှ ယာယီမဟာမင်းကြီး မာဆွတ်ကင်မိုမန်းက ပြောကြားသည်။

အိန္ဒိယလေကြောင်းဌာနသည် လွန်ခဲ့သည့် သုံးလတာကာလအတွင်း လေကြောင်းခရီးစဉ်သစ် ပျံသန်းနိုင်မှုကို တတိယအကြိမ် ပြုလုပ်နိုင်ခြင်းဖြစ်သည်။ အိန္ဒိယလေကြောင်းဌာနသည် ဒါကာ-ကိုလ်ကတ္တား-လန်ဒန်ခရီးစဉ်သစ်ကို မဖွင့်လှစ်မီ ဒေလီ-ဖရန့်ဖတ်-လော့စ်အိန်ဂျလိစ် လေကြောင်းခရီးစဉ်နှင့် ဒေလီ-အမ်ရစ် ဆာ-ဘာမင်ဂမ်-တိုရွန်တို လေကြောင်းခရီးစဉ်တို့ကို ဖွင့်လှစ်ခဲ့သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကောက်ဘဇားဒေသရှိ ရှေးဟောင်းရိုးရာနေအိမ်တစ်လုံးကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းငါးဖမ်းလုပ်သားများ ပြန်လည်လွတ်မြောက်

ဗန်ကောက် ဇွန် ၂၁

အင်ဒိုနီးရှားရေပိုင်နက်တွင် တရားမဝင် ငါးခိုးဖမ်းသော ထိုင်းငါးဖမ်းလုပ်သား ၁၆ ဦးကို ထိန်းသိမ်းထားရာမှ အင်ဒိုနီးရှားအာဏာပိုင်များက ပြန်လွှတ်ပေးခဲ့ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါငါးဖမ်းလုပ်သား ၁၆ ဦးသည် ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ဒေသတွင် နေထိုင်သူများဖြစ်ပြီး ၎င်းတို့သည် ဗန်ကောက်ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စနေနေ့ နံနက်အစောပိုင်းတွင် ရောက်ရှိခဲ့ကြသည်ဟု ထိုင်းသတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားတွင် ကိုးလကြာ ထိန်းသိမ်းခံခဲ့ရရာမှ ယခု မိသားစုနှင့် ပြန်လည် ဆုံစည်းခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ထိန်းသိမ်းခံထားရသည့်အဖြစ်မှ ပြန်လည်လွတ်မြောက်လာသူ ကာရန်ကီသွန်ပမ်က ထိုင်းသတင်းဌာနသို့ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ထိုင်း ငါးဖမ်းလုပ်သားများကို တရားမဝင် ငါးခိုးဖမ်းမှုဖြင့် ထိန်းသိမ်းထားသူ အများအပြား ကျန်ရှိနေသေးကြောင်း၊ စက်လှေပိုင်ရှင်များနှင့် စက်ဆရာများကို ဒဏ်ငွေသာ ချမှတ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာခရီးသွားလုပ်ငန်း ပြန်လည်မြင့်တက်

ကိုလံဘို ဇွန် ၂၁

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဆူနာမီဘေးဒဏ်ကြောင့် ကျဆင်းခဲ့ရာမှ ယခုအခါ ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်း အဖွဲ့(အက်စ် အယ်လ်တီဘီ)က ပြောကြားသည်ဟု တနင်္လာနေ့ထုတ် အိုင်းလင်းသတင်းစာတွင် ဖော်ပြသည်။

ရေးသားခဲ့

မြို့များရှိ ဟိုတယ်များနှင့် ဒေသများရှိ ဟိုတယ်များတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်နေထိုင်မှုမှာ မြင့်တက်လျက်ရှိပြီး၊ ခရီးသွားလုပ်ငန်းမှာ အောင်မြင်လျက်ရှိကြောင်း အက်စ်အယ်လ်တီဘီ ဥက္ကဋ္ဌ ယူဒါယာနာနာယာကာရာ၏ ပြောကြားချက်ကို ကိုးကားလျက် သာတင်းစာက ရေးသားခဲ့သည်။

ပြောကြား

ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော ဆူနာမီဘေးဒဏ် ကျရောက်ပြီးနောက် ငါးလအကြာတွင်သီရိလင်္ကာနိုင်ငံရှိ ဟိုတယ်များတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်နေထိုင်မှု မြင့်တက်လာသည့် ဖြစ်ရပ်သည် အနာဂတ်ကာလအတွက်ကောင်းသော လက္ခဏာဖြစ်ကြောင်း နာနာယာကာရာက ပြောကြားသည်။

ဖော်ပြ

ဟောလ်တန်၊ ထရန့်စ်အေရှနှင့် ပလာဇာ အပါအဝင် သီရိလင်္ကာရှိ နာမည်ကြီးဟိုတယ်များတွင် ကမ္ဘာလှည့်ခရီးသည်များ ပျမ်းမျှအခန်းများ ငှားရမ်းနေထိုင်မှု ကိန်းဂဏန်းသည် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်း အထိရှိလာကြောင်း သတင်းစာက ဖော်ပြသည်။

ကမ္ဘာလှည့် ခရီးသည်များအနက် အဓိကအားဖြင့် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ အများဆုံး လာရောက်ကြကြောင်း အက်စ်အယ်လ်တီဘီက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်အရှေ့ပိုင်းတွင် ငလျင်လှုပ်မှုဖြစ်ပွား

တိုကျို ဇွန် ၂၁

ဂျပန်နိုင်ငံအရှေ့ပိုင်း ကန်တိုဒေသ၌ တနင်္လာနေ့ နံနက်အစောပိုင်းတွင် ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့သည်။

ထုတ်လွှင့်

တိုကျိုနှင့်အနီးအနားရှိ ဒေသများတွင် နံနက် ၁း၁၅ နာရီတွင် လှုပ်ခဲ့သောငလျင်သည် ဂျပန်မြေငလျင်တိုင်းစကေးအရ ပြင်းအား ၃ မှ ၄ အကြားတွင်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီမှ ထုတ်လွှင့်ခဲ့သည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်းကျွန်းများနှင့် တိုကျိုတွင် အဆိုပါငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။

ပြောကြား

ငလျင်လှုပ်ရှားမှုကြောင့် ဆူနာမီလှိုင်းကျရောက်သော သတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ငလျင်သည် တိုကျိုအရှေ့ဘက် ချီဘာကျွန်းမှ ကီလိုမီတာ ၅၀ အကွာနေရာကို ဗဟိုပြု၍ လှုပ်ခဲ့သည်ဟု ၎င်းဌာနက ထပ်မံပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အရည်အသွေးမမီသော လယ်ယာသုံးပစ္စည်းများ တရုတ်နိုင်ငံတွင် သိမ်းဆည်းဖျက်ဆီး

ပေကျင်း ဇွန် ၂၁

ယခုနှစ် ပထမခြောက်လတာအချိန်အတွင်း သက်ဆိုင်ရာ တာဝန်ရှိသူများသည် တရုတ်နိုင်ငံတွင် သိမ်းဆည်းရမိသော အရည်အသွေးမမီသည့် လယ်ယာသုံး ဓာတုပစ္စည်းများနှင့် စက်ကိရိယာများကို ဖျက်ဆီးပစ်ခဲ့ကြောင်း အရည်အသွေး ထိန်းချုပ်ရေးဌာနမှ အရာရှိများက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

ဖျက်ဆီးပစ်လိုက်သော လယ်ယာသုံး ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုးမျှရှိကြောင်း သတင်းများက ဖော်ပြသည်။ ထိုပစ္စည်းများတွင် အရည်အသွေးနိမ့်သော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် စက်ကိရိယာပစ္စည်းများ ပါဝင်ကြောင်း တရုတ်နိုင်ငံ ကုန်စည်ပစ္စည်း အရည်အသွေးထိန်းချုပ်ရေး၊ စိစစ်ရေးနှင့် ကြီးကြပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လျူဇိုဘင်က ပြောကြားသည်။

ဖျက်ဆီးခံရသော ဓာတ်မြေဩဇာများတွင် ဓာတ်မြေဩဇာအတုများနှင့် အရည်အသွေးနိမ့်သော မြေဩဇာပစ္စည်းများ ပါဝင်သည်။ ထိုပစ္စည်းများကို ပြည်နယ် ၁၁ ခုတို့တွင် တွေ့ရသည်။ ယင်းပြည်နယ်များနှင့် ရှန်တုန်ဒေသနှင့် အနောက်တောင်ပိုင်းရှိ စီချွမ်ဒေသများလည်း ပါဝင်သည်ဟု လျူက ဆိုသည်။

ထုတ်ပြန်

ကုန်ပစ္စည်းအရည်အသွေး ထိန်းချုပ်ရေး၊ စိစစ်ရေးနှင့်ကြီးကြပ်ရေးဌာနသည် အရည်အသွေးနိမ့်သော လယ်ယာသုံး ပစ္စည်းများနှင့် အဆင့်အတန်းမမီသော စက်ကိရိယာပစ္စည်းများ ထုတ်လုပ်မှုနှင့်ဆက်စပ်နေသော ကုမ္ပဏီများစာရင်းကိုလည်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးခဲ့သည်။

ယခင် ၂၀၀၄ ခုနှစ်ကလည်း အဆိုပါဌာနသည် အရည်အသွေး အဆင့်အတန်းမမီသော လယ်ယာသုံးပစ္စည်း အမေရိကန်ဒေါ်လာ ၃၆ သန်းဖိုးကို ဖျက်ဆီးပစ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



မျိုးသုဉ်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော တီရူဘုဆန်းဂိငါးမျိုးကို မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်တွင် ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မလေးရှားတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ လိုက်ပါလာသူ ၁၃ ဦး အသက်ဘေးမှ လွတ်မြောက်

ကွာလာလမ်ပူ ဇွန် ၂၁

မလေးရှားနိုင်ငံ အရှေ့ဘက် ဆာရာဝပ်ပြည်နယ် ဘင်တူလူဒေသမှ ကီလိုမီတာ ၁၇၀ ခန့်တွင်ရှိသော ပင်လယ်ပြင်ထဲသို့ မလေးရှားရဟတ်ယာဉ်တစ်စင်း စနေနေ့တွင် ပျက်ကျခဲ့သည်။ သို့ရာတွင် အဆိုပါရဟတ် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၃ ဦးသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။

ရှယ်လ်မလေးရှား ရေနံစင်အမှတ် ဘီ-၁၁ အနီး၌ မွန်းလွဲပိုင်း ၁၂ နာရီ ၅ မိနစ်တွင် ထိုရဟတ်ယာဉ်သည် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရေနံကုမ္ပဏီမှ ပြောကြားချက်ကို ကိုးကား၍ ဘာနားမားသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရဟတ်ယာဉ်ပေါ်တွင် မလေးရှားနိုင်ငံသား ရှစ်ဦး၊ နယူးဇီလန်နိုင်ငံသားနှစ်ဦးနှင့် ဗြိတိန်နိုင်ငံသားတစ်ဦး စုစုပေါင်း ခရီးသည် ၁၁ ဦးနှင့် မလေးရှားလေယာဉ်မှူးနှစ်ဦးတို့ လိုက်ပါခဲ့ကြသည်။ ၎င်းတို့ကို အခြားရဟတ်ယာဉ်က ကယ်ဆယ်ခဲ့ကြသည်ဟု အဆိုပါ ရေနံကုမ္ပဏီမှ ပြောကြားခဲ့သည်။

ပျက်ကျခဲ့သော ရဟတ်ယာဉ်သည် ရှယ်လ်မလေးရှား ရေနံကုမ္ပဏီ၏ ရဟတ်ယာဉ်သုံးစင်းမှ တစ်စင်းဖြစ်ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် ပင်လယ်ပြင်ရေနံစင် အမှတ် ဘီ-၁၁ ၏ ရဟတ်ယာဉ်ကွင်းပေါ်သို့ ဆင်းသက်ရန် ကြိုးစားနေစဉ်တွင် အခက်အခဲတွေ့ရှိခဲ့မှုကြောင့် ပျက်ကျခြင်းဖြစ်ကြောင်း ရေနံကုမ္ပဏီက ဖော်ပြသည်။

ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ အားလုံးသည် ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ၎င်းတို့၏ မိသားစုများထံ ယင်းအဖြစ်အပျက်နှင့်ပတ်သက်၍ အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာအမျိုးသမီးများ ဂုဏ်ရည်

တက္ကသိုလ်သန်

မြန်မာမှုနယ်ပယ်တွင် **"မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရ"** ဟူသော ဆိုရိုးစကားရှိပါ၏။ မြန်မာအမျိုးသမီးများအတွက် မှတ်သားနာယူဖွယ်ကောင်းသည့် ဆုံးမစကားဖြစ်ပါ၏။ ကာယိန္ဒြေကို စောင့်ရှောက်ခြင်းသည် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါ၏။

မြန်မာအမျိုးသမီးတို့တွင် အစဉ်အလာအားဖြင့် မပျက်မကွက် ထိန်းသိမ်းလာသည့် ဂုဏ်ရည်သုံးရပ်ရှိသည်။ ယင်းတို့မှာ (၁)ကာယိန္ဒြေ (၂) အကျင့်စာရိတ္တနှင့် (၃) အရည်အချင်းတို့ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် မြန်မာ့လူနေမှုစနစ်တွင်နေရာပေးခံရသည်ကို တွေ့နိုင်၏။ ဥပမာအားဖြင့် **"အစ်မကြီးတော့ အမိအရာ"** ဟူသော စကားသည်လည်းကောင်း၊ **"ပုခက်လွှဲသောမိခင်၏လက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည်"**ဟူသော စကားသည်လည်းကောင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထင်အရှား အသိအမှတ် ပြုထားခြင်းပင် ဖြစ်သည်။

ကမ္ဘာတွင် မြန်မာအမျိုးသမီးများသည် အခြားနိုင်ငံများထက် အခွင့်အရေးများစွာ ရရှိသူများဖြစ်ကြသည်။ ခင်ပွန်းသည်က ရှာဖွေရသမျှ ငွေကြေးအားလုံးကို ဇနီးဖြစ်သူထံ အပ်နှံရပြီး ဇနီးသည်က လိုအပ်သလို စီမံခန့်ခွဲ ကိုင်တွယ်သုံးစွဲခွင့်ရသည့် အစဉ်အလာရှိသည်။

ထို့အပြင် တစ်လင်တစ်မယားစနစ်ကို ရှေးဘိုးဘေးဘီဘင်မှစ၍ ယနေ့ထက်တိုင် စွဲစွဲမြဲမြဲ တန်ဖိုးထား ကျင့်သုံးလျက်ရှိပြီး သစ္စာမဲ့သူ၊ အိမ်ထောင်ရေးဖောက်ပြန်သူကို လူမှုအသိုင်းအဝိုင်းတစ်ခုလုံးက ရှုတ်ချကာ လက်မခံကြပေ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးဘဝ ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မြန်မာအမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်အရေးများကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာ့ဓလေ့တွင် အမျိုးသမီးများကို ငယ်စဉ်အချိန်တွင် မိဘနှစ်ပါးက ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ကြီးပြင်းလာသောအခါ မောင်ဖွားများက စောင့်ရှောက်ပေးကြသည်။ အိမ်ထောင်ရှင် ဖြစ်လာသောအချိန်တွင် ယင်းတို့၏ ခင်ပွန်းသည်လင်ယောကျ်ားတို့က စောင့်ရှောက်ပေးကြပြန်သည်။ထို့အတူ အိုမင်းမစွမ်းရှိလာချိန်တွင် သားသမီးများက တစ်ဖန်ပြန်၍ စောင့်ရှောက်ပေးကြသည်။ ဤသည်မှာ မြတ်နိုးဖွယ်ရာ မြန်မာ့လူမှုဓလေ့ပင်ဖြစ်ပါ၏။

မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် က စီမံဆောင်ရွက်ပေးလျက်ရှိသဖြင့် မြန်မာအမျိုးသမီးများဘဝ အမှန်မုချ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီး လက်ခတ်မလွဲပေ။

ထိုမျှသာမကပေ။ နိုင်ငံတော်သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအား တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ မြင့်မားလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ၏။ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကလည်း**"ဇာတိပုည၊ဂုဏ်မာန"** ကို မျိုးချစ်စိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းနိုင်ရန် လိုအပ်ပေသည်။

မြန်မာအမျိုးသမီးများ၏ အတိတ်က အောင်မြင်တိုးတက်မှုများကို ပြန်လည်အမှတ်ရပြီး ယခင်ကထက် အမျိုးသမီးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အစဉ်ရှေးရှုနေကြရပေမည်။ ဤသို့ရှေးရှုရာတွင် ကောင်းမြတ်သော စိတ်ထားမွေးမြူ၍ တက်ကြွနိုးကြားသော စိတ်ဓာတ်များ အစဉ်ရှင်သန်ထက်မြက်နေစေရန် ကြိုးပမ်းကြရပေမည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ မြန်မာအမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်အရေးများကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အမျိုးသားနှင့် အမျိုးသမီးတို့အား အဆင့်အတန်းခွဲခြားမှုမရှိသဖြင့် အထက်တန်းကျောင်းနှင့် တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံများသို့ တန်းတူရည်တူဝင်နိုင်ခွင့်၊ ပညာရပ်အားလုံးကို သင်ယူနိုင်ခွင့် ရရှိနေကြပြီဖြစ်သည်။

မြန်မာအမျိုးသားတို့လုပ်သောအလုပ်မျိုးကို မြန်မာအမျိုးသမီးတို့လည်း အရည်အချင်းတူ လုပ်ကိုင်နိုင်သည်ဟူသော ခံစားမှုမျိုး မျက်မှောက်ခေတ် အမျိုးသမီးတို့တွင် ရှိနေပြီဖြစ်သည်။ လုပ်ငန်းခွင်အသီးသီးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်နေကြပြီဖြစ်သည်။

အတန်းပညာ ဘွဲ့လက်မှတ်၊ဒီဂရီတို့သည် အရေးပါသကဲ့သို့ လက်မှုပညာ၊ နှုတ်မှုပညာ၊ အနုသုခုမ ပညာတို့သည်လည်း အလားတူအရေးပါသည်ကိုတွေ့နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာခွန်အားကို စိုက်ထုတ်၍ လုပ်ရသောကြမ်းတမ်းသည့် အလုပ်အချို့မှတစ်ပါး အမျိုးသမီးများ မလုပ်နိုင်သော အလုပ်ဟူ၍ မရှိတော့ပေ။ မြန်မာအမျိုးသမီးများသည် အထူးကုဆရာဝန်ကြီးများ၊ အင်ဂျင်နီယာများ၊ ဥပဒေပညာရှင်များ၊ ရူပဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်များ၊ စီးပွားရေးစွမ်းဆောင်ရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအဖြစ်ဖြင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် အောင်မြင်ထင်ရှားလျက်ရှိသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

ထို့ကြောင့် မြန်မာအမျိုးသမီးတို့သည် မိမိတို့ စိတ်ဝင်စားမှုတစ်ခုခုအပေါ် အခြေခံ၍ ကျွမ်းကျင်တတ်မြောက်မှုတစ်ခုခုရှိအောင် ကြိုးပမ်းကြရန် လိုအပ်သည်။ အမျိုးသမီးများသည် မိမိတို့တတ်ကျွမ်းထားသည့် ပညာ၊ ရယူထားသည့် ဘွဲ့၊ ဒီဂရီတို့ဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုကြရန်နှင့် မိမိတို့ဘဝတူ အမျိုးသမီးဘဝဖွံ့ဖြိုးရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းဆောင်ကြရန် အချိန်အခါသင့်နေပြီဖြစ်သည်။

မိသားစုဟူသည် နိုင်ငံတစ်နိုင်ငံ၏ အသေးဆုံးအဖွဲ့အစည်းဖြစ်ပြီး မိသားစုတစ်ခုတွင် ဖခင်ဖြစ်သူကို Head of a family ဟူ၍ လည်းကောင်း၊ မိခင်ဖြစ်သူကို Heart of a family ဟူ၍လည်းကောင်း ဆိုထားပေရာ နှလုံးသားနှင့်တူသောမိခင်သည် မိသားစုတွင် အချက်အချာအကျဆုံး၊ အလိုအပ်ဆုံးဟု ဆိုနိုင်သည်။

သို့ဖြစ်ရာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ထိရောက်စွာကူညီပံ့ပိုး ဖော်ဆောင်ပေးလျက်ရှိသည့်နည်းတူ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကလည်း နိုင်ငံတော်က ချမှတ်အကောင်အထည် ဖော်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်လည်းကောင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်သွားကြရန် ဇူလိုင်လ ၃ရက်နေ့၌ ကျရောက်မည့် **"မြန်မာအမျိုးသမီးများနေ့"**ကိုဂုဏ်ပြုကြိုဆို၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သမထဝိပဿနာ တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ တရားကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်းရွှေ (ဒလ-အုံကြီး)၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာတရားပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်းကျောင်း၌ ဇွန် ၂၅ ရက်မှ ၃၀ ရက်အထိ နေ့စဉ်ညနေ ၆ နာရီခွဲမှည ၈နာရီအထိ ကျင်းပမည်ဖြစ်သည်။

(၂၃)

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၉ရက်က ကန်တော်ကလေး(တောင်ပိုင်း) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများကို ရပ်ကွက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သို့ ပေးအပ်စဉ်။

(၃၂)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် - "Psychology in Home Life. (ဒုတိယနှစ်-စိတ်ပညာ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၆။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၇)**
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကခံအတွက် လက်သီးတစ်ချက်" (အပိုင်း-၅)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " နှင်းနဂါးသိုင်း " (အပိုင်း-၁)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

သရေခေတ္တရာမြို့ဟောင်းကို နိုင်ငံတကာပညာရှင်များ စိတ်ဝင်စား

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး သင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းသို့သွားရောက်သည်။ ထိုနေ့ညနေပိုင်းတွင် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တာဝန်ရှိသူများနှင့်အတူ သရေခေတ္တရာမြို့ဟောင်းရှိ ဒွတ္တဘောင်မင်းကြီး တည်ထားကိုးကွယ်သော မြင်ဗာဟုစေတီတော်သို့ သွားရောက်ဖူးမြော်သည်။ ဝန်ကြီးအား ပြည်ရှေးဟောင်းသုတေသနဌာနစုတာဝန်ခံ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက မြင်ဗာဟုဘုရား သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အသစ်ဖောက်လုပ်ထားသော သရေခေတ္တရာ မြို့ဟောင်းရှိ ဘုရားများသို့သွားသော ပတ်လမ်းကို လှည့်လည်ကြည့်ရှုပြီးနောက် ဗိသနိုးမိဖုရားသင်္ချိုင်းကိုလည်းကောင်း၊ သရေခေတ္တရာပျူခေတ် ရှေးဦးဂူဘုရားနှစ်ဆူဖြစ်သော ဘဲဘဲဂူဘုရားနှင့် လေးမျက်နှာဂူဘုရားကိုလည်းကောင်း၊ ဒွတ္တဘောင်မင်းကြီး ကောင်းမှုဖြစ်သော ဘောဘောကြီးစေတီတော်ကို လည်းကောင်း၊ ရဟန္တာ ရှေးဟောင်းဂူဘုရားကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး သရေခေတ္တရာခေတ် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများကို ဂရုတစိုက်ကာကွယ်စောင့်ရှောက် ထိန်းသိမ်းထားရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

မွမ်းမံသင်တန်းဖွင့်

ဇွန် ၂၁ရက် နံနက် ၉နာရီတွင် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် သရေခေတ္တရာမြို့ဟောင်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း(ပြည်)၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ဝန်ထမ်းများမွမ်းမံသင်တန်း(၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

အခမ်းအနား၌ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က သင်တန်းဖွင့် မိန့်ခွန်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း(ပြည်)မှာရှေးဟောင်းသုတေသန ဦးစီးဌာနသမိုင်းတွင် ပထမဆုံး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသုတေသနနည်းပညာများကို သင်ကြားပို့ချပေးမည့် သင်တန်းကျောင်းဖြစ်ကြောင်း၊ သင်တန်းကျောင်းတည်ဆောက်သည့် သရေခေတ္တရာမြို့ဟောင်းမှာလည်း အရှေ့တောင်အာရှတွင် လွန်စွာရှေးကျသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ကြွယ်ဝသည့် ပျူမြို့တော်တစ်ခုဖြစ်ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းကို နိုင်ငံတကာ ရှေးဟောင်း သုတေသနပညာရှင်များ သိရှိစိတ်ဝင်စားကြကြောင်း။

ဖွင့်လှစ်ပေးခဲ့

နိုင်ငံတော် အနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးအတွက် လိုအပ်သော ဥပဒေများ ထုတ်ပြန်ကာကွယ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလည်း မြန်မာ့ယဉ်ကျေးမှု သမိုင်းနှင့် ရှေးဟောင်း ယဉ်ကျေးမှုများ ဖော်ထုတ်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး နည်းပညာများကို စာတွေ့လက်တွေ့ ထိထိရောက်ရောက် သင်ကြားပို့ချနိုင်စေရေးအတွက် နိုင်ငံတော်က ဤသင်တန်းကျောင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤသင်တန်းသို့ တက်ရောက်လာသော ရှေးဟောင်းသုတေသန ဦးစီးဌာန နယ်ဌာနခွဲအသီးသီးမှ သုတေသနဝန်ထမ်းများအနေဖြင့် အထူးကြိုးစား သင်ယူကြစေလိုကြောင်း ပြောကြားသည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များသည် စာသင်ခန်းမ၊ ဓာတ်ခွဲခန်း၊ စတိုခန်း၊ ကွန်ပျူတာခန်း၊ သင်တန်းသား သင်တန်းသူများ နားနေဆောင်၊ ဧည့်ပါမောက္ခများနားနေဆောင် စသည်တို့ကို လှည့်လည်ကြည့်ရှုသည်။ ရှေးဟောင်းသုတေသန ဝန်ထမ်းများ၊ မွမ်းမံသင်တန်းကို ဇွန် ၂၁ရက်မှ ဩဂုတ် ၂၀ရက်အထိ နှစ်လကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

လှည့်လည်ကြည့်ရှု

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သရေခေတ္တရာ မြို့ဟောင်းမှ ပြန်လည်ထွက်ခွာလာပြီး ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ရွာအနီးရှိ ရဟန္တာရှစ်ကျိပ်မဟာရုံတံတိုင်းနှင့် ရှေးဟောင်းသိမ် ပြုပြင်တည်ဆောက်ထိန်းသိမ်းနေမှုများကို သွားရောက်လှည့်လည်ကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ်(၁၂၊ အိုင်) အေးသာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်နေ ဦးသန်းအောင်-ဒေါ်ဌေးဌေးစိန်၊ သားမောင်ရဲထက်အောင်၊ သမီးမအိပွင့်ဖြူမိသားစုက ငွေကျပ်သုံးသိန်းကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှတ်(၃)စက်မှုဇုန် သန့်ရှင်းသာယာရေးညှိနှိုင်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၃) စက်မှုဇုန်၏ သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီဝင်များနှင့် ဇုန်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ၄/၂၀၀၅-ကြိမ်မြောက် အစည်းအဝေးအား ဇုန်(၃) စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ သာယာစည်းကမ်းဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ညွှန့်၊ အတွင်းရေးမှူး ဦးသောင်းထွန်း**(ဝဲပုံ)**တို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဘဏ္ဍာရေးမှူးဦးချစ်မောင်က ဘဏ္ဍာရေးကိစ္စများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော သာယာစည်းကမ်းကော်မတီဝင်များက လုပ်ငန်းကိစ္စများ ညှိနှိုင်းတင်ပြကြကြောင်း သိရသည်။ (ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၅	ကော်ဖီခါးခါးရဲ့အလှည့်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ဖီဖာကမ္ဘာ့ဖလား
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ပန်းပျိုးလက်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	(၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်ပြိုင်ပွဲ)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	မြန်မာ့မြေအောက်သယံဇာတများ ရွှေနှင့်ခဲမဖြူ သတ္တုတူးဖော်ရေးလုပ်ငန်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	သံချည်သံကြွေးအတတ်ပညာ
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ကောင်းကင်ထဲက မြစ်တစ်စင်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၅၅	အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒို့မြန်မာအမျိုးသမီးများနေ့

* ဒို့မြန်မာ အကျိုးစီးပွားအတွက်
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွတ်စွာ။
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ ရက်ဟာ
ဒို့မြန်မာ အမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ့။

* ကျွန်မမှာ မိန်းမသားရယ်လို့
သူစိမ်းအား မခိုမှီ။
အမျိုးချစ် အမျိုးမပစ်ပါဘဲ
မျိုးစစ်ဖို့ရည်။
အငြိုးမကြီးပေမယ့်
အမျိုးသမီးလဲ အသည်းမာသည်
မြန်မာပြည်ဇာတိသွေး။
မြန်မာမှန် မျိုးဂုဏ်စောင့်ပါလို့
ရိုးဖြောင့်တယ်လေး။

* ယဉ်ကျေးမှု အမွေအနှစ်
သွေမပစ် ရှောင်မခွာ။
လူကုန်ကူး အကြမ်းဖက်
ပျောက်ပျက်စေရာ။
ဝိုင်းဝန်းလို့ ကြိုးစားကာ
အမျိုးသမီးရေးရာ ဦးဆောင်ပေး။
ဥပဒေရှုထောင့်များရယ်နဲ့
စီးပွားရေး အမြင်ကျယ်ဖို့
အမျိုးသမီးငယ် ရွယ် လတ်တို့ကို
မပြတ်ဆွေးနွေး။

* သမီးငယ် သားငယ်လေးတွေရဲ့
ပညာရေး အလေးမူ။
ကျောင်းအပ်နှံနိုင်ဖို့ရေး
ဖေးမဝိုင်းကူ။
တတ်အားသမျှ ပေးလှူ
ဖြူစင်တဲ့နှလုံးသား။
အစ်မကြီး အမိအရာ...တဲ့
အသိမှာ စေတနာနဲ့
မေတ္တာဆင့်ကာပေးတယ်
နွေးထွေးစွတကား။

* ဒို့မြန်မာ အကျိုးစီးပွားအတွက်
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွတ်စွာ
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ရက်ဟာ
ဒို့မြန်မာအမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ့။

[၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...]

မရွှေအေး (ဟဲဟိုး)

☆ **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆည်ရေရရှိမှု၊ နွေစပါးစိုက်ပျိုး ပြီးစီးမှုများနှင့် စပ်လျဉ်း၍ တင်ပြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲစဉ်းစားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲက မိတ္ထီလာခရိုင်နှင့် ပခုက္ကူခရိုင်ကို ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ပေးရန် တာဝန်ပေး အပ်ထားကြောင်း၊ မန္တလေးတိုင်းအနေဖြင့် မိုးစပါးစိုက်ဧက ၁၀သိန်းပြည့်မီရေး အတွက် လယ်မြေများဖော်ထုတ်ပြီးစိုက်ပျိုးရေရရှိရေးအတွက်လည်း ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

စီမံကိန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ လတ်တလောစိုက်ပျိုးဧက တိုးတက်စေရေးအတွက် မိမိတို့ ဒေသအတွင်းရှိ ဆည်ငယ်၊ ကန်ငယ်များကို ပြုပြင်ပေးလျှင်လည်း စိုက်ပျိုးဧကတိုးတက်လာ နိုင်ကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာ၌ အမှား အယွင်း မရှိအောင်သေချာစွာ တွက်ချက်စစ်ဆေးပြီးမှ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသအတွင်းဆည်ငယ်၊ ကန်ငယ်များစာရင်းကို ပြုစုရန်လို ကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးပြီး ဝါမျိုးများ ထုတ်ယူကာ တောင်သူများအား ဝါမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးသွားရမည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို နံနက်၈နာရီခွဲတွင် ရုပ်သိမ်း လိုက်သည်။

အမှတ်(၁)ရေတင်စခန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၉နာရီ ၁၅ မိနစ်တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွင်ပြင် ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း အမှတ်(၁)ရေတင်စခန်းရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးမြင့်က ပင်မမြောင်းဖောက်လုပ်နေမှု အခြေ အနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဆွေက လုပ်ငန်းပြီးစီးပါက စိုက်ပျိုးရေဖြန့်ဝေ ပေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ယင်းစီမံကိန်းပြီးစီးပါက ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံမှ ကင်းတား ဆည်သို့ ချပေးသောရေကို လျှပ်စစ်ရေတင်စက်ကြီးများဖြင့် စုပ်တင်ကာ အဆင့်ရှစ်ဆင့်ဖြင့် စိုက်ပျိုးမြေဧက ၃၀၀၀၀ သို့ စိုက်ပျိုးရေများ ပေးဝေနိုင် မည်ဖြစ်သည်။

ယခုအခါ အမှတ်(၁)ရေတင်စခန်းမှစတင်၍ ပင်မမြောင်းကို စက် ယန္တရားများဖြင့် တူးဖော်လျက် ရှိရာ အရှည်ပေ ၄၃၀၀ တူးဖော်ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် မြစ်သားမြို့နယ် သီလင်ကျေးရွာအုပ်စု ခန္တီးလေးကျေးရွာရှိ လယ်သမားကြီး ဦးစံထူး၏ ရွှေနန်းတော်စိုက်ကွင်းသို့ရောက်ရှိကြပြီး အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် မနောသုခ၊ ရွှေသွယ်ရင်နှင့် ရွှေမြန်မာစပါးများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြသထားသော ရေဆင်း လုံးသွယ်၊ ရွှေမြန်မာ၊ မနောသုခ၊ ရွှေသွယ်ရင်နှင့် ဧရာမင်းစပါး စပါးနှံ၊ စပါးစေ့နှင့်ဆန်တို့ကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်နှင့် လယ်သမားကြီး ဦးမြင့်သူတို့က ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကပုဂ္ဂလိကစိုက်ပျိုးသူများအား နိုင်ငံတော်က အားပေး ကူညီလျက်ရှိကြောင်း၊ လယ်မြေသစ်များဖော်ထုတ်ပြီး အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စပါးတိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

သစ်တက်ကုန်းရေလွှဲဆည်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁နာရီတွင် ကျောက်ဆည် ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလွှဲဆည်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေပေးတံခါးမှ ရေပေး ဝေမှုနှင့် ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည် များကို မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ရေဝင်ရောက်မှု၊ စိုက်ပျိုးရေပေးဝေမှု၊ ရေလွှဲဆည်ထိန်းသိမ်းစောင့်ရှောက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး (ဒီဇိုင်း) ဦးခင်မောင်ချစ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ် သောနေရာများသို့စိုက်ပျိုးရေရောက်ရှိရေးအတွက် လက်တံမြောင်းများ တိုးချဲ့ ဖောက်လုပ်ပေးရန်၊ အောင်သာချောင်း၊ မဲလီချောင်းနှင့် တောင်တစ်လုံးချောင်း တို့တွင် ရေမြှင့်အဆောက်အအုံများ ဆောက်လုပ်ရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် ရမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက် ရှိသည့် မြို့ကြီးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ရေထိန်းတမံတည်ဆောက်ရန် အတွက် မြေသားစမ်းသပ်မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)ညွှန်ကြားရေးမှူး (ဒီဇိုင်း) ဦးခင်မောင်ချစ်က ရေလွှဲဥမင်တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရှုရပ်မှ ကျီးကန်းတောင်နှင့် ရွှေမြင်သာတောင်တို့အကြား ရေထိန်းတမံတည်ဆောက်မည့်နေရာကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ကျောက်ဆည်မြို့နယ် သံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံရှိ သွားနှင့်ခံတွင်းကုသခန်း၊ ဓာတ်မှန်ခန်း၊ အမျိုးသား လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်နှင့်ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ မန္တလေးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

မိတ္ထီလာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် နံနက် ၆နာရီခွဲတွင် နယ်မြေခံတပ်ရင်းခန်းမ၌ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစု သက်သာ ချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အလေးထားဆောင်ရွက် ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားကာ တက်ရောက်လာကြသူများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ်သို့ အိန္ဒိယသံရုံးက သင်ထောက်ကူပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ်သို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံရုံးက သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကို ယနေ့နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ လက်ခံရယူသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန် တက္ကသိုလ်မှ ပါရဂူဘွဲ့သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. R.K Bhatia က သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးသန်းအောင်က လက်ခံရယူသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှဘွားအေးမေ (၁၀၃)နှစ်ပြည့် မွေးနေ့မင်္ဂလာ ကျင်းပ

ရန်ကုန် ဇွန် ၂၂

နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ပြုစုစောင့်ရှောက်မှုခံယူလျက်ရှိသည့် အဘိုး၊ အဘွားများအနက် အသက် အကြီးဆုံးဖြစ်သော ဘွားအေးမေ (ရွှေဘိုမြို့၊မင်းလမ်းဇာတိ)၏အသက် (၁၀၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်း အနားကို ယနေ့နံနက်က သီရိရတနာ ခန်းမ၌ ကျင်းပရာ **(ဝဲပုံ)** ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့်အဖွဲ့ဝင်များ၊ ဘိုးဘွား များ၊ ဝန်ထမ်းများ တက်ရောက်ပူဇော် ကန်တော့ကြသည်။

အခမ်းအနားတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင် က ဘွားအေးမေ၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားသည်။ ဆက်လက်၍ အဘိုး အဘွားများ၏ လှူဖွယ်ပစ္စည်းများကို ဘွားအေးမေအား ပေးအပ်ပြီး စုပေါင်း ကန်တော့ကြသည်။

ဆက်လက်၍ ဘွားအေးမေက အသက်(၁၀၃)နှစ်ပြည့် မွေးနေ့ဒါန အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း၊ နှင်းဆီ ကုန်း ဘိုးဘွားရိပ်သာ ဆေးရုံသစ် ကြီးအတွက် ငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်း ကြသည်။

ထို့နောက် မွေးနေ့အထိမ်းအမှတ် လှူဒါန်းမှု အစုစုအတွက် သီရိစန္ဒာ ကျောင်းဆရာတော်ထံမှအနုမောဒနာ တရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၀)အခြေခံ ပညာမူလတန်းကျောင်း ပထမ အကြိမ် ကလေးဗဟိုပြု သင်ယူမှု ချဉ်းကပ်နည်း အကောင်အထည် ဖော်မှု သင်တန်းဖွင့်ပွဲကို ဇွန်၂၀ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ သဃ်န်းကျွန်းမြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင်ဌေး ကြည့်ရှုစစ်ဆေးစဉ်။ (၅၀၆)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ် သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၆-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဇူလိုင်လအတွက်

(၁၀-၇-၂၀၀၅)ရက်နေ့

နှင့်

(၃၁-၇-၂၀၀၅)ရက်နေ့

စာအုပ်လှူဒါန်းပွဲ

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ (ဆဋ္ဌမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် – ၂၄-၆-၂၀၀၅(သောကြာနေ့)

အချိန် – မွန်းလွဲ (၁)နာရီခွဲ

နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန်

၃၇၁၃၃၉

၃၇၉၇၆၉

၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ပခုက္ကူ–မင်းတပ်–မတူပီ နေ့ချင်းပေါက် သွားလာနိုင်ပြီ ကျန် ၅၂ မိုင်ကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်သွားမည်

✡ မင်းတပ်–မတူပီမှ

ချင်းပြည်နယ်၌ တံတားကြီးသုံးစင်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မင်းတပ်–မတူပီ ပထမအဆင့် ကတ္တရာလမ်းမိုင် ၅၀သည် ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နှင့်မတူပီမြို့ကို ဆက်သွယ်ပေးမည့်လမ်းဖြစ်ပြီး မတူပီမြို့၏ အဓိက ထွက်ပေါက်ဖြစ်သကဲ့သို့ မတူပီ–ဟားခါးလမ်းပေါ်ရှိ ရေဇွာမြို့အတွက်လည်း အဓိက ဆက်သွယ်ပေးမည့် လမ်းဖြစ်ကြောင်း။

ခက်ခက်ခဲခဲသွားလာခဲ့ရ

မင်းတပ်–မတူပီလမ်းသည် ၁၉၅၅ ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့သည့် လမ်းဖြစ်ပြီး ၁၉၇၃ခုနှစ်တွင်မှ မြေလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း မြေလမ်းဖြစ်၍ ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သည့် လမ်းဖြစ်ကြောင်း၊ လမ်းမှာမြေသားအကျယ်အားဖြင့် ၁၆ ပေခန့်သာ ရှိခဲ့ပြီး ကမ်းပါးယံများ မတ်စောက်ကာ အန္တရာယ်ကြီးစွာဖြင့် ခက်ခက်ခဲခဲသွားလာအသုံးပြုခဲ့ရသည့် လမ်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ချင်းပြည်နယ်ရှိ လမ်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ရာ ပထမအဆင့်အနေဖြင့် ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့သို့ လွယ်လင့်တကူ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုကိုလည်း လိုအပ်သည့်အတိုင်း ပို့ဆောင်ပေးရန်အပြင် မကွေးတိုင်းအပါအဝင် အခြားပြည်နယ်နှင့် တိုင်းများနှင့်ပါ ကူးလူးဆက်သွယ်နိုင်အောင် ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကို လမ်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့် တိုးတက်ဆောင်ရွက်ခဲ့ပြီး ၂၇–၁၁–၂၀၀၃နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ မင်းတပ်–မတူပီလမ်းကို လမ်းအင်္ဂါရပ်များနှင့်အညီ တိုးတက်စေရန် အဖွဲ့လေးဖွဲ့ခွဲ၍ တာဝန်ပေးဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဤလမ်းကို အဆင့်မြှင့် ဆောင်ရွက်ခဲ့ရာ၌ အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ လမ်းမှာ ယခင်က တစ်လမ်းသွားအဆင့်သာဖြစ်ပြီး ကျောက်ကမ်းပါးယံများ အလွန်မတ်စောက်၍ ယာဉ်တစ်စီးနှင့် တစ်စီးဆုံတွေ့လျှင် ရှောင်နိုင်ခြင်းမရှိကြောင်း၊ ထို့ပြင်တစ်ဖက်ချောက်ကမ်းပါးများမှာလည်း ပေ ၅၀၀၀ မှ ၈၀၀၀အထိရှိသည့်အတွက် သွားလာရန် အလွန်ခက်ခဲကြောင်း၊ ကျောက်တောင်များပြိုခြင်း၊ မြေသားတောင်ကမ်းပါးယံများပြိုခြင်း၊ လမ်းနှုတ်ခမ်းများပဲ့ကျခြင်း၊ ဗွက်နစ်၍ ရှေ့မတိုး နောက်မဆုတ်နိုင်ဖြစ်ခြင်းတို့ဖြင့် ကြုံတွေ့ခဲ့ကြရသည့် လမ်းဖြစ်ကြောင်း။

အခက်အခဲမျိုးစုံတွေ့ရသော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှင့် တိုင်းရင်းသား အားလုံးတစ်ပြေးညီဖြစ်စေရန် နိုင်ငံတော်ကချမှတ်ထားသည့် မူအတိုင်းဆောက်လုပ်ရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများ၏ ခွဲ၊လုံ့လ၊စေတနာအပြည့်ဖြင့် အားပေးမှုကြောင့် ယနေ့တွင် မင်းတပ်–မတူပီကားလမ်း ပထမအဆင့် မိုင် ၅၀ ကိုမင်းတပ်မြို့မှ ရှီဗန်းနူးရွာအထိအောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ရာသီမရွေးသွားလာနိုင်

ဤလမ်း၏ မူလအခြေအနေမှာ ကျောက်လမ်းအနည်းငယ်နှင့်မြေလမ်းအများဆုံးရှိခဲ့ရာမှ ယခုအခါလမ်းသားအကျယ်ပေ ၃၀ နှင့်ကတ္တရာလမ်းအကျယ် ၁၂ ပေရှိ မိုင် ၅၀ ဖောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျောက်လမ်း ၅၂ မိုင်ခင်းပြီး၍ ရာသီမရွေးသွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ကတ္တရာခင်းရန် ကျန်နေသည့် ၅၂ မိုင်ကိုလည်း ကတ္တရာလမ်းအဆင့်ဆက်လက်၍ တိုးမြှင့်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း။

နေ့ချင်းပေါက်

မင်းတပ်–မတူပီလမ်းဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က မင်းတပ်နှင့် မတူပီကို အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကာ ငါးရက်နီးပါးသွားခဲ့ရာမှ ယခုအချိန်တွင် ခြောက်နာရီခန့်ဖြင့် သွားနိုင်ပြီဖြစ်သလို မတူပီမှ မင်းတပ်၊ ပခုက္ကူအထိကိုလည်း နေ့ချင်းပေါက် အန္တရာယ်အနည်းဆုံးဖြင့် သွားလာနိုင်ပြီဖြစ်ရာ မင်းတပ်၊ မတူပီ မြို့နယ်နှစ်ခုကရပ်ကွက်ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၅အုပ်စု၊ ကျေးရွာပေါင်း ၂၀၃ရွာက ဒေသခံပြည်သူ ကိုးသောင်းနီးပါးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအဆင့် မြင့်မားတိုးတက်လာတော့မှာဖြစ်ကြောင်း။

ဖောက်လုပ်ပြီးသည့် လမ်းအပိုင်းကို မပျက်စီးအောင် ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကူညီကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားရာ၌ မင်းတပ်–မတူပီလမ်းသည် ၁၀၂ မိုင်ရှည်ပြီး ဟားခါးမြို့အထိ သွားလာနိုင်သည့် ဟားခါး–မတူပီလမ်းနှင့် ဆက်သွယ်ထားသော လမ်းမကြီးလည်း ဖြစ်ကြောင်း။

မင်းတပ်–မတူပီလမ်း လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ စက်ယန္တရားယာဉ်ကြီးများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဇွန်လတွင် ၈၀ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း။

ယနေ့ဆိုလျှင် မင်းတပ်မှ တစ်ဆက်တစ်စပ်တည်း မိုင်၅၀ကတ္တရာခင်းပြီးဖြစ်ကြောင်း။

အထူးအလေးပေး

ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန် မြှင့်တင်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေးကို နိုင်ငံတော်အစိုးရက အထူးအလေးပေးပြီး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်၏ အဓိကလမ်းကြီးလေးသွယ်မှာ ကလေး–ဖလမ်း–ဟားခါးလမ်း၊ ဟားခါး–ဂန့်ဂေါလမ်း၊ ဟားခါး–မတူပီလမ်းနှင့် မင်းတပ်–မတူပီလမ်းတို့ ဖြစ်ကြောင်း။

ဤလမ်းမကြီးလေးသွယ်ကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ပြုပြင်ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ အဆိုပါ လမ်းမကြီးလေးသွယ်အပြင် ရေဇွာ–ရာတလိုင်း–ဂန့်ဂေါလမ်းကိုလည်း ပြုပြင်ဖောက်လုပ်နေခြင်းကြောင့် ချင်းပြည်နယ်သည် ယခင်အခြေအနေနှင့်မတူတော့ဘဲ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်လာပြီဖြစ်ကြောင်း၊ ဟားခါးမှ ကလေးလမ်း၊ ဟားခါးမှ ဂန့်ဂေါလမ်းများနှင့်မတူပီမှမင်းတပ်၊ မင်းတပ်မှ ကျောက်ထု–ပခုက္ကူဆင်းသည့်လမ်းတို့သည် ယခုအခါ သိသိသာသာ တိုးတက် ကောင်းမွန်နေပြီဖြစ်ကြောင်း။

ချင်းပြည်နယ် (တောင်ပိုင်း) ၏ ထွက်ပေါက်အဖြစ် မင်းတပ်နှင့်ဆက်စပ်သည့် မင်းတပ်–ကျောက်ထု–ပေါက်ကားလမ်းကိုလည်း ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ပေးနေသကဲ့သို့ မင်းတပ်–မတူပီလမ်းကိုလည်း အဆင့်မြင့် ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းများအဖြစ် ပြုပြင်ဖောက်လုပ်နိုင်သည့်အတွက် ယခုဆိုလျှင် ပခုက္ကူ–မင်းတပ်–မတူပီလမ်းသည် ယခင်ကကဲ့သို့ ညအိပ်သွားစရာမလိုဘဲ နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်ကြောင်း။

ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်(တောင်ပိုင်း) လမ်းများကိုဖြတ်သန်း၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ကို ထွက်ကုန်သီးနှံအပါအဝင် ကုန်စည်များ အပြန်အလှန် လွယ်လင့်တကူ ရောင်းဝယ်ဖောက်ကားသွားလာနိုင်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိလာနေပြီဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ယခုကဲ့သို့ အရှိန်အဟုန်ကောင်း၊ အချိန်အခါကောင်းများကို ဒေသအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးအတွက် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် ဒေသခံပြည်သူများအား အလေးအနက်ထားပြောကြားလိုကြောင်း။

မင်းတပ်–မတူပီလမ်းကို ပြုပြင်ပေးခဲ့ကြသည့် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည့် ဒေသခံပြည်သူများအားလုံးကို မှတ်တမ်းတင်ပါကြောင်းနှင့် မင်းတပ်–မတူပီလမ်းမကြီး ရေရှည်တည်တံ့အောင် အဘက်ဘက်က ဝိုင်းဝန်းကူညီ ထိန်းသိမ်းရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံတိုင်းရင်းသား ဦးထိန်လိန်းက မင်းတပ်–မတူပီလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များသည် အခမ်းအနား ပထမပိုင်းကျင်းပမည့် မင်းတပ်–မတူပီလမ်း မိုင်တိုင်(၀/၀)ရှိ မုခ်ဦး အမှတ်(၁)၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် အခမ်းအနားကို တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်း ကျင်းပမည့် မိုင်တိုင်(၃၂/၇) မုခ်ဦးအမှတ်(၂)သို့ ရောက်ရှိကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် မင်္ဂလာအချိန်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနား တတိယပိုင်း ကျင်းပမည့် မိုင်တိုင်(၅၀/၀)ရှိ ရှီဗန်းနူးရွာအနီး မုခ်ဦးအမှတ်(၃)သို့ ရောက်ရှိကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မင်္ဂလာအချိန်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

မင်းတပ်–မတူပီလမ်းမှာ အရှည် ၁၀၂မိုင်ရှိ၍ ယခင်က အကျယ် ၁၂ပေနှင့် ကတ္တရာလမ်းသုံးမိုင်ခန့်သာရှိပြီး ကျောက်လမ်းအနည်းငယ်နှင့်မြေလမ်းအများဆုံးရှိခဲ့သည်။ လမ်းသားကျဉ်းခြင်း၊ မိုးတွင်းကာလ၌ တောင်ပြိုလမ်းပိတ်ခြင်းများကြောင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာနှောင့်နှေးခဲ့ရပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ပထမအဆင့်အနေဖြင့် အကျယ်ပေ ၃၀လမ်းချဲ့ကာ မင်းတပ်မြို့မှ ရှီဗန်းနူးရွာအထိ မိုင် ၅၀ကတ္တရာလမ်းခင်းပြီးလျက် မတူပီမြို့အထိ ကျန် ၅၂မိုင်ကို ကျောက်လမ်းအဆင့်ခင်းပြီးဖြစ်၍ ရာသီမရွေးလွယ်ကူစွာ ဆက်သွယ် သွားလာနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)



❐ သွေးလွန်တုပ်ကွေးမှ

ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်အလိုက်၊ လအလိုက်၊ အသက်အရွယ်အပိုင်းအခြားအလိုက် ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ရှိန်က သာကေတမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများနှင့် ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းစေရန် ပညာပေးခြင်း၊ ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က လူနာတစ်ဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် ဖြစ်ပွားချင်း၊ အချိန်မီ ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် ဆေးရုံသို့ အမြန်ဆုံးလွှဲပြောင်းပေးပို့နိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်နှင့် Vactor Control လုပ်ငန်းနှင့် လောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများကို အဓိကထား၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာကေတမြို့နယ် (၃)မာန်ပြေရပ်ကွက် မာန်ပြေအရှေ့(၇)လမ်းနှင့် (၈)လမ်းသို့ ရောက်ရှိကြပြီး လမ်းများအတွင်း ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများအတွင်းနှင့် ပတ်ဝန်းကျင်၌ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်ခြံဝင်းများအတွင်း ဆေးမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ "ဖုံး၊ သွန်၊ လဲ၊ စစ်"လုပ်ငန်းများ၊ ပညာပေးသရုပ်ပြသ ဆောင်ရွက်နေမှုများနှင့် မာန်ပြေ(၉)လမ်းရှိ ဓမ္မရက္ခိတ ဓမ္မာရုံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ရပ်ကွက် နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုကို ကြည့်ရှုအားပေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုများကို ရန်ကုန်တိုင်းအတွင်းရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ကြည့်မြင်တိုင်၊ လှိုင်နှင့် မရမ်းကုန်းမြို့နယ် (၁၃)မြို့နယ်၌လည်း သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်အသီးသီးတွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်

ရန်ကုန် ဇွန် ၂၂

၂၀၀၅ခုနှစ်နိုင်ငံတော်မှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဇဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သောဘဏအား ခရမ်းမြို့နယ်အသင်းမှ ကြီးမှူး၍ ပူဇော်ကန်တော့ပွဲကို ဇဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ယမန်နေ့ကကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ခရမ်းမြို့နယ် အသင်းအသင်းသူ၊ အသင်းသားများ တက်ရောက်ကြည်ညိုကြသည်။

(အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် ဆရာတော်ကြီးက သြဝါဒစကား ချီးမြှင့်ပြီး ဝန်ကြီးက အဘိဓဇမဟာရဋ္ဌ ဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အသင်းသူ၊ အသင်းသားများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃–၆–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀ ၇။ အဆိုပြိုင်ပွဲ
၈:၁၀ ၈။ အကပဒေသာ
၈:၂၀ ၉။ ရွှေလီတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၀ ၇။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"(အပိုင်း–၄၁)**
၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဝန်တင်လိပ်ပြာ" (အပိုင်း–၁) (လူမင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–မိုက်တီး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အဆိုပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲတက်ရောက်

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ရက်က မြစ်ကြီးနားမြို့ မန်ခိန်ရွှေစက်အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။ ဆက်လက်၍ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ကျောင်းအသုံးအဆောင်နှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။ ကျောင်းအုပ်ဆရာမကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၀၀ ကို ပေးအပ်ရာ မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လက်ခံယူသည်။

ဆွမ်းဆန်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးသည် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းသို့သွားရောက်ပြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ သီလဝံသအား ဖူးမြော်ပြီး တိုင်းမှူးနှင့်ဇနီး မိသားစုက ခေမာသီဝံရွှေတိဂုံ ပုံတူစေတီတော် ထီးတော်အတွက် ရွှေစင်ရွှေသားနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ဝန်ကြီးက သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်အတွက် မော်တော်ယာဉ်တစ်စီး၊ ဝန်းသိုကျောင်းတိုက်နှင့် သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်များလှူဒါန်းသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး လှူဖွယ်အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဗဟိုအတွင်းရေးမှူးသည် ဇွန် ၁၈ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း အင်းတော်မြို့သို့ရောက်ရှိသည်။ အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင်ခရိုင်/မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အသင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် အင်းတော်မြို့ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီးဆက်သွယ်ရေး အဆင့်မြှင့်တင်ရန် မှာကြားသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မော်လူးကျေးရွာအိတ်ချိန်းသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်း ဆက်ကပ်

မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယဘဒ္ဒန္တ သီလဝံသအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

(ဆက်သွယ်ရေး)

ပုဇွန်တောင်မြို့နယ် မဟာစည်ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်ဆဲသုံးထပ်မဂ္ဂင်ကျောင်းကြီးအတွက် နှစ်ဖက်မိဘများအားအမျှ ထား၍ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းလှအုပ်စု နံနက်ကွင်းရွာမှ ဦးစိန်မြမင်း-ဒေါ်သိန်းရီ၊သား မောင်ဇေယျာလင်းမိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဇွန် ၂၀ ရက်ကလှူဒါန်းရာ ရိပ်သာအကျိုးတော်ဆောင်အတွင်းရေးမှူး ဦးခင်မောင်စိုးလက်ခံရယူစဉ်။

(က-ပ)

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

* **ပန်းနာရင်ကျပ်ရောဂါ**
* **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
* **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
* **သွေးတိုးရောဂါ**
* **နှလုံးရောဂါ**
* **နှလုံးခုန်စေခြင်း**
* **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
* **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၆-၂၀၀၅)

မော်လိုက်	-	၂ ဒသမ ၅၂ လက်မ
ကျောက်တော်	-	၂ ဒသမ ၃၆ လက်မ
မိုင်းဆတ်	-	၁ ဒသမ ၆၅ လက်မ
မြစ်ကြီးနား	-	၁ ဒသမ ၅၇ လက်မ

အမှတ်(၉)ဦးစံညွန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်မြမြမိသားစုက ကျပ်တစ်သိန်းသုံးသောင်းငါးထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ၊ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(က-ပ)

အပင်အာဟာရ အပြည့်အဝရရှိရန် ပုလဲဓာတ်မြေသြဇာကို အကျိုးရှိရှိအသုံးပြုရေး နှိုးဆော်ချက်

၁။ ပုလဲဓာတ်မြေသြဇာသည် စနစ်တကျအသုံးမပြုပါက ပါဝင်သည့် အပင်အာဟာရနိုက်ထရိုဂျင်ဓာတ်(၆၀)မှ (၈၀)ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးစေနိုင်ပါသည်။ ဆုံးရှုံးမှုကြောင့်စပါးတစ်ကေလျှင် ပုလဲဓာတ်မြေသြဇာနှစ်အိတ်သုံးပါက (၅)ပုံ(၁) ပုံသာအပင်မှရရှိနိုင်ပါသည်။

၂။ ဆုံးရှုံးမှုသည် (၁) အမိုးနီးယမ်းအိုင်းယွန်း(NH^+_4)အဖြစ် စီးဆင်းရေနှင့်ပါသွားသည်။ (၂) အမိုးနီးယားဓာတ်ငွေ့ (NH_3)အဖြစ် လေထဲတွင်အငွေ့ပြန်ဆုံးရှုံးသွားသည်။(၃) နိုက်ထရိုဂျင်ဓာတ် (N_2) အဖြစ် လေထဲသို့ အငွေ့ပြန်သည်။ အပူချိန်နိမ့်သော နံနက်ပိုင်းတွင် စပါးခင်းများ မြေချဉ်ငန်ဓာတ် (PH_6) ဝန်းကျင်တွင်ရှိသော်လည်း နေ့လယ်ပိုင်းအပူချိန် မြင့်တက်လာပါကမြေအချဉ်ငန်ဓာတ်မှာ (PH_{11}) ထိ ရှိလာပြီး အမိုးနီးယားဓာတ်ငွေ့ (NH_3) အဖြစ်ပြောင်းလဲကာ ဆုံးရှုံးမှုများစေသည်။

၃။ သို့ဖြစ်ပါ၍ ပုလဲဓာတ်မြေသြဇာအကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် အောက်ပါအတိုင်း စနစ်တကျသုံးစွဲရန်နှိုးဆော်အပ်ပါသည်-

(က) စပါးပင်သက်တမ်းတစ်လျှောက်လုံးအတွက် တစ်ဧကလျှင် ပုလဲဓာတ်မြေသြဇာတစ်အိတ်နှင့် သဘာဝမြေသြဇာ(နွားချေး/မြေဆွေး/အမှိုက်ဆွေး/ဘိုကာရှီ) သုံးအိတ်သုံးစွဲပါ။

(ခ) သုံးစွဲမည့်ပုလဲဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို တစ်ကြိမ်တည်း မသုံးစွဲဘဲ စပါးပင်မှ နိုက်ထရိုဂျင်ဓာတ်လိုအပ်ချိန်များဖြစ်သည့် ကောက်ပင်လှန်ချိန်၊ ပင်ပွားအများဆုံးထွက်ချိန်၊ မှို့ကပ်ချိန် (သို့မဟုတ်)ရောင်စဉ်ကတ်ကိုသုံး၍ အပင်လိုအပ်ချိန်တွင် ထည့်သွင်းပါ။

(ဂ) တစ်ကြိမ်လျှင်ပုလဲဓာတ်မြေသြဇာတစ်အိတ်၏ သုံးပုံတစ်ပုံကို သဘာဝမြေသြဇာတစ်အိတ်နှင့်သမအောင်ရောပါ၊ ရောစပ်ရာတွင် အစိုဓာတ်မများလွန်းစေဘဲ သင့်တင့်သော အစိုဓာတ်သာရှိအောင် ဂရုပြု၍ အပေါ်မှ ပလတ်စတစ်၊ဂုန်နီအိတ်၊ဖျာ စသည်တို့ဖြင့် လုံခြုံစွာဖုံးအုပ်၍ တစ်ညနှပ်ထားပါ။

(ဃ) မိုးအုံ့ပါကနေ့လယ်ပိုင်းတွင်မြေသြဇာအရောကို ကြဲပက်နိုင်သော်လည်း နေပူပြင်းပါက နံနက်ပိုင်း(၇)နာရီမှ (၉)နာရီအတွင်းနှင့် ညနေ (၃)နာရီနောက်ပိုင်းမှ ကြဲပက်ပါ။

(င) မြေသြဇာအရောကို စပါးခင်းတွင် ကြဲပက်ထည့်ပြီးတိုင်း တမန်းပြင်အောက်သို့ရောက်ရှိရန် ခြေဖြင့်နင်းမြှုပ်၍သော် လည်းကောင်း၊ ပေါင်းလိုက် တမန်းနိုးကိရိယာ အသုံးပြု၍သော်လည်းကောင်း တမန်းအောက်ရောက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုထိရောက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်လှစ် နိုင်ငံတကာပြိုင်ပွဲအောင်နိုင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ၊ ယမန်နှစ် ချန်ပီယံများဖြစ်ကြသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် မန္တလေးတိုင်း အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ မြန်မာ့ကရာတေးဒို အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် အလှူရှင်များက မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်သို့ အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဝင်းဇော်က အလှူငွေကျပ် ၁၂သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းနှင့် ဦးနေဝင်းထွန်းတို့က အလှူငွေကျပ် ခုနစ်သိန်း နှစ်သောင်းစီနှင့် အမှုဆောင် အဖွဲ့ဝင်များဖြစ်သော ဦးစန်းလွင်နှင့် ဦးသိန်းထွင့်ထွန်းတို့က အလှူငွေကျပ် သုံးသိန်းခြောက်သောင်းစီ အသီးသီး ပေးအပ်လှူဒါန်းကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီးက လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ကရာတေးဒို အားကစားနည်းစနစ်ဆိုင်ရာ ဗွီစီဒီအခွေများကို ပြည်နယ်နှင့်တိုင်းကရာတေးဒိုအသင်း တာဝန်ခံများအား ပြိုင်ပွဲအမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း၍ မြန်မာ့လက်ရွေးစင် မောင်မယ်များနှင့် လူငယ်ကရာတေးဒို အားကစားသမားများက ကရာတေးဒို အားကစားနည်းများကို သရုပ်ပြယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ပထမနေ့ ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး ပြိုင်ပွဲကို ဇွန် ၂၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာဝင်းဇော် လှူဒါန်း သည့် အလှူငွေကျပ် ၁၂သိန်းကို လက်ခံစဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

မုဒုံမြို့ ဘလောက်ညောင်ဝိုင်းကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် အတွက် မိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်တို့ လုပ်ငန်းခွင်ကို ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၁၀၇)

၂၀၀၄ – ၂၀၀၅ ဘောလုံးရာသီပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယနေ့ညနေပိုင်းက သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ကျင်းပသည်။

အောင်ဆန်းကွင်း၌ကျင်းပသည့် ပထမတန်းကွင်းပိတ်ရှုံး/ထွက်ပွဲတွင် စွန်ရဲက အား/ကာသိပ္ပံ(က)ကို ငါးဂိုး–လေးဂိုး၊ ပဒေသာကွင်း၌ ကျင်းပသည့် ဒုတိယတန်းပွဲတွင် တံခွန်(ခ)က ရန်ကုန်တိုင်း လူငယ်အသင်းကို ငါးဂိုး–လေးဂိုး၊ စလင်းကွင်း၌ ကျင်းပသည့် တတိယတန်းပွဲစဉ်တွင် အား/ကာသိပ္ပံ(ခ)က ကြံခင်းစုလူငယ်ကို သုံးဂိုး–တစ်ဂိုး၊ ပဒုမ္မာကွင်း၌ ကျင်းပသည့် တတိယတန်းပွဲ၌ လွန်းပျံက ပန်းလှိုင်လူငယ်အသင်းကို ခြောက်ဂိုး–လေးဂိုးတို့ဖြင့် အသီးသီးအနိုင်ရကြသည်။ (ကြေးမုံ)

ကွန်ဖက်ဒရေးရှင်းပွဲ ဂျာမနီ–အာဂျင်တီးနား သရေကျ တူနီးရှားက ဩစတြေးလျကိုနိုင်သော်လည်း ထွက်ရ

နျူရင်ဘတ်(ဂျာမနီ) ဇွန် ၂၁

နာမည်ကြီးအာဂျင်တီးနားအသင်းကို အိမ်ရှင်ဂျာမနီအသင်းက ယနေ့ပွဲတွင် နှစ်ဂိုးစီဖြင့် သရေကစားလိုက်၍ ကွန်ဖက်ဒရေးရှင်းဖလားပွဲ၌ အုပ်စု(က) ပထမရကာ ဆီမီးဖိုင်နယ်သို့ တက်ခွင့်ရသွားပြီဖြစ်သည်။

ဂျာမနီအသင်းက အာဂျင်တီးနားအသင်းကို စုစုပေါင်း ဂိုးအရေအတွက်တွင် အသာရကာ အုပ်စုဗိုလ်ဖြစ်သွားခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းမှာ ယခုပွဲတွင် ရှုံးသော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ယနေ့ပွဲတွင် အိမ်ရှင်ဂျာမနီအသင်းသည် တစ်ဖက်အသင်းကို နှစ်ကြိမ်တိုင်တိုင် ဦးဆောင်ကာ ကစားထားနိုင်ခဲ့သည်။ သို့ရာတွင် အာဂျင်တီးနားအသင်း၏ ကြိုးစားမှုကြောင့် ဂျာမနီမှာ အနိုင်ရရှိခြင်းမရှိဘဲ သရေဖြင့်သာ နှစ်သိမ့်ခဲ့ရသည်။

ပွဲအစ ၃ မိနစ်တွင် ဂျာမနီမှ ကီလ်ဗင်ကူရင်ယီက အဖွင့်ဂိုးသွင်းပြီးနောက် ၃၁ မိနစ်တွင် အာဂျင်တီးနားအသင်းမှ အလွတ်ကန်ဘောကို ဂျူအန်ရီကွဲလ်မီ ကန်သွင်းခဲ့သဖြင့် တစ်ဂိုးစီ သရေကျနေသည်။

ဒုတိယပိုင်းစပြီး ၆ မိနစ်အရောက်တွင် ဂျာမနီရှေ့တန်း တိုက်စစ်မှူး ဂျယ်ရယ်အက်ဆာမော့ချ်က အေးအေးဆေးဆေးကန်သွင်းကာ ဒုတိယဂိုးရယူလိုက်ပြီး ပွဲကိုဦးဆောင်မှု ရယူလိုက်သည်။

ကစားချိန် ၇၄မိနစ်အရောက်တွင် အာဂျင်တီးနားအသင်းကစားသမား အက်တီဘင်ကင်မ်ဘီယာဆိုက ချေပဂိုး ပြန်သွင်းလိုက်နိုင်သဖြင့် နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

လိုက်ပ်ဇစ်မြို့တွင်ကျင်းပသော တတိယနေရာလုပွဲတွင် တူနီးရှားအသင်းသည် ဩစတြေးလျအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုတွင် တတိယနေရာရသွားသော်လည်း ပြိုင်ပွဲမှထွက်ရသည်။

တူနီးရှားအသင်းမှ တိုက်စစ်မှူးစန်တို့စ်သည် သူ့အသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို သွင်းပေးနိုင်လိုက်သဖြင့် တူနီးရှားအသင်း အိမ်အပြန်တွင် မျက်နှာပန်းလှခဲ့ရသည်။ ***အင်တာနက်။***

ဂျာမနီနှင့် အာဂျင်တီးနား အုပ်စုဗိုလ်လုပွဲတွင် ဂျာမနီအသင်းမှ ဆီဘက်စတီရင်ဒစ္စလာ(ယာ)က ဘောလုံးကို သယ်ယူသွားစဉ်။ (အင်တာနက်)

ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား ရုံသုံးရုံ၌ ပြသ

ရန်ကုန် ဇွန် ၂၂

ယခုသောကြာပတ်တွင် ဇာတ်ကားသစ်များမဝင်ဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင်

ပြသဆဲ မြန်မာရုပ်ရှင်ဇာတ်ကားများအနက် ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီကိုကိုလေး ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ဆက်လက်ပြသနေသည်။ အဆိုပါဇာတ်ကားမှာ မြန်မာနိုင်ငံ ဇာတ်ဝင်ခန်းများအပြင် ဂျပန်နိုင်ငံသို့ပါ သွားရောက်ရိုက်ကူးခဲ့ပြီး ဂျပန်သရုပ်ဆောင်များပါ ပါဝင်ကြသည့် ထူးခြားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားတွင် ဂျပန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့များ၏ အလှအပရှုခင်းများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကိုပါ ရှုစားရမည်ဖြစ်သည်။ ပရိသတ်အားပေးမှုရရှိနေဆဲဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

သမ္မတ၊သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်ပြသမည့် ချစ်ခြင်းငယ်ပြိုင်ဇာတ်ကားမှ ကျော်သူ၊ စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ရွှေဆောင်အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသလျက်ရှိသည့် ကျန်စစ်မင်းဇာတ်ကားမှ လူမင်းနှင့် ထက်ထက်မိုးဦး။

ကျန်စစ်မင်း

လူမင်းကိုယ်တိုင် ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် တွဲဖက်ရိုက်ကူးထားသည့် **ကျန်စစ်မင်း**ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ဆက်လက်ပြသဆဲဖြစ်သည်။ မြန်မာ့သမိုင်းမှ ထင်ရှားသည့် သူရဲကောင်းကျန်စစ်သား၏ ဘဝအဖုံဖုံကို ထိမိပီပြင်စွာဖြင့် ရုပ်ရှင်ရသခံစားနိုင်စေရန် ရိုက်ကူးထားပေရာ စတင်ရုံတင်သည်မှ ယခုတိုင် ပရိသတ်အားပေးမှုရရှိနေဆဲ ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်းနှင့် ညွန့်ဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ Kung Fu Hustle ဇာတ်ကား ဆက်လက်ပြသနေသည်။ Stephen Chow က ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်အဖြစ်ရိုက်ကူးထားသည်။ ရာဇဝတ်ဂိုဏ်းကြီးများကို အခြေခံ၍ ကွန်ဖူးပညာ အသားပေးရိုက်ကူးထားသည့် စွန့်စားခန်းဇာတ်ကားတစ်ကားဖြစ်သည်။

ရွှေစွန်ညိုဇာတ်ကား

နဝဒေးရုပ်ရှင်ဥယျာဉ်တွင် ယခုသောကြာနေ့မှစ၍ အမေများအဖွဲ့နှင့် ထက်ဗီဒီယိုထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် **ရွှေစွန်ညို**အဆင့်မြင့်ဗီဒီယိုဇာတ်ကားရုံတင်ပြသမည် ဖြစ်သည်။ ပန်းချီဝင်းဌေး၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ ရိုက်ကူးထားသည့် အဆင့်မြင့်ဗီဒီယိုဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

အကယ်ဒမီရန်အောင်၊ အကယ်ဒမီကျော်ရဲအောင်နှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ (က–ပ)

ဧရာဝတီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ငွေဆောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၈ရက် နံနက်ပိုင်းက ပုသိမ်-ငွေဆောင်လမ်းပေါ်ရှိ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်၏ လမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းဒါရိုက်တာ ဦးမြတ်ချိုဝင်းက ပုသိမ်-ငွေဆောင် လမ်းဖောက်လုပ်မှုနှင့် တံတားများပြုပြင်တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ပုသိမ်-ငွေဆောင် လမ်းသည် အေးရှားဝေါလ် ကုမ္ပဏီလီမိတက် လမ်းဖောက်လုပ်ရေး လုပ်ငန်းက ၂၀၀၀ပြည့်နှစ်မှစတင်၍ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ လမ်းအရှည် ၂၉ မိုင်ရှိပြီး ကွန်ကရစ်လမ်း ကိုးမိုင်၊ နှစ်ဖာလုံအပါအဝင် ကတ္တရာလမ်းအားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါ လမ်း ၁၃ မိုင်တိုင်၊ ပုသိမ်-မော်တင် လမ်းဆုံတွင် စူပရင်း ကုမ္ပဏီများ အုပ်စုမှ ဆောင်ရွက်လျက်ရှိသော ရော်ဘာ စိုက်ပျိုးမှု ရှေ့ပြေးစမ်းသပ်စခန်းသို့သွားရောက်၍ နှစ်ရှည်ရော်ဘာ ပျိုးပင်များ၊ ကိုင်းပွားခင်းများနှင့် စိုက်ပျိုးနေမှု အခြေအနေကိုကြည့်ရှု အားပေးသည်။

ထို့နောက် စခန်းရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ ဦးအောင်သူလင်းက ရော်ဘာမျိုး ငါးမျိုး စမ်းသပ်ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးမှုအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပျိုးထောင်ပြီး

စူပရင်း ကုမ္ပဏီအုပ်စုသည် ပုသိမ်မြို့နယ် စိန်တောင်ဒေသတွင် မြေဧက နှစ်သောင်းကျော် ရယူကာ ရော်ဘာ စိုက်ပျိုးနိုင်ရေးအတွက် ရော်ဘာမျိုးပင် ကိုင်းပွားခင်းများ၊ မျိုးခြံများပြုလုပ် ဆောင်ရွက်လျက်ရှိရာ လက်ရှိပင်ရေ နှစ်သောင်းကျော် ပြုစုပျိုးထောင်ပြီး ဖြစ်ကြောင်း သိရသည်။

တံတားများစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပုသိမ်-ငွေဆောင် ကားလမ်းတစ်လျှောက် လမ်း၊ တံတား အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ငွေဆောင်မြို့နယ် စုပေါင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက်တိုင်းမှူးသည် ငွေဆောင်မြို့ပတ်လမ်းတစ်လျှောက် ရုံးအဆောက်အအုံများ အခြေအနေကိုလည်းကောင်း၊ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များ အခြေအနေကို လည်းကောင်း၊ ငွေဆောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပညာသင်ကြားမှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်တိုင်းမှူးသည် ငွေဆောင်ကမ်းခြေရှိ ယုဇနဟိုတယ်ခန်းမဆောင်၌ ဒေသရှိ ဟိုတယ် ၂၂ ခုမှ လုပ်ငန်းရှင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်က ငွေဆောင်ကမ်းခြေ ဟိုတယ်လုပ်ငန်းများအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် တိုင်းမှူးက ဟိုတယ်လုပ်ငန်းများ အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ငွေဆောင်ကမ်းခြေဟိုတယ်တည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ငွေဆောင်ကမ်းခြေရှိ ဟိုတယ် ၂၂ ခုတွင် ဆောက်လုပ်ပြီး အဆောက်အအုံ ၂၀၉ လုံးရှိ၍ ဧည့်သည် ၁၅၀၀ ကျော် တစ်ပြိုင်တည်း တည်းခိုနိုင်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပုသိမ်-ငွေဆောင်ကားလမ်းပေါ်ရှိ ငွေဆောင်မြို့အနီး ယုဇနကုမ္ပဏီ လီမိတက်မှ ဆောင်ရွက်လျက်ရှိသော ရေငန်ပုစွန် မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရှေးဟောင်းသုတေသနဦးစီးဌာန မွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား ပါဠိဘာသာ၊ ပျူဘာသာ၊ သက္ကတဘာသာ ရှေးဟောင်းကျောက်စာများ ကျွမ်းကျင်စွာ ဖတ်ရှုတတ်မြောက်စေရန်နှင့် သုတေသနစာတမ်းများ ပြုစုရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဌာနတွင်း မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၅) တစ်လသင်တန်းကို ဇွန် ၆ရက်တွင် ရှေးဟောင်း သုတေသနဦးစီးဌာန (ရုံးချုပ်)၌ စတင်ဖွင့်လှစ်လျက်ရှိသည်။

(သတင်းစဉ်)

သမဝါယမ ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၂

သမဝါယမဝန်ကြီးဌာန သမဝါယမ ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် သမဝါယမအသင်းများအတွက် လုပ်ငန်းကျွမ်းကျင်စေရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သမဝါယမအသင်းများအနေဖြင့် ပို့ကုန်တင်ပို့နိုင်ရန် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ ဈေးကွက်ရှာဖွေရေး၊ ဈေးကွက်သတင်းအချက်အလက်များ ရယူစုစည်းရေးကို သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

သမဝါယမဆိုင်ရာ ပို့ကုန်တိုးမြှင့်ရေးတွင် မိမိတို့အသင်းများက ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်၊ စက်မှုလက်မှုထုတ်ကုန်များ တင်ပို့ရောင်းချရေးနှင့် သမဝါယမ အသင်းများက ပို့ကုန်တင်ပို့ပြီး ပြည်ပမှ နိုင်ငံတော်ကို အကျိုးပြုမည့် သွင်းကုန်များ ပြန်လည်တင်သွင်းခြင်းအားဖြင့် သမဝါယမအသင်းများ အင်အားတောင့်တင်းခိုင်မာစေပြီး ပုဂ္ဂလိကကုမ္ပဏီများနှင့် ယှဉ်ပြိုင်ဆောင်ရွက်ရေးကို ကြိုးစားကြရန်ဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ဖြစ်သော ပို့ကုန်မြှင့်တင်ရေးနှင့် နိုင်ငံခြားငွေ တိုးတက်ရှာဖွေရေးတွင် နိုင်ငံတော်အကျိုး၊ သမဝါယမအကျိုးအတွက် ဆောင်ရွက်ရင်း လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းက အစွမ်းကုန် ကြိုးစားသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။ အဆိုပါ ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို ဇွန် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သမဝါယမ ဦးစီးဌာနများနှင့် သမဝါယမအသင်းများမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သန်လျင်မြို့ (ဖားအောက်) တောရရိပ်သာဝင်းအတွင်း တည်ဆောက်လျက်ရှိသော သီရိခေမာဓမ္မသာလာ ဓမ္မာရုံသစ်ကြီးအတွက် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၇၃) ရွှေတိဂုံဘုရားလမ်းနေ ဦးအလိ-ဒေါ်ကျင်ဝှက် မိသားစုက အလှူငွေကျပ် သိန်း ၂၀ ကို ဇွန် ၁၆ ရက်က ပေးအပ်လှူဒါန်းရာ ရိပ်သာကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသက်တင်နှင့်ဦးရှိန်ဝင်းတို့က လက်ခံရယူစဉ်။ (၅၂၇)

သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များ တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေး ရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွား စေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

အလှူရှင် ဦးမင်းဇော်ချိုမြင့်နှင့်ဇနီး ဒေါ်မော်လီတို့၏ ကိုယ်စား ပါမောက္ခ ဒေါ်သိန်းသိန်းမြင့်က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ကတ္တရာလမ်းသစ် ခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု

တမူး ဇွန် ၁၇

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူလူထုနှင့် ပူးပေါင်းလျက် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ၊ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေသားလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းကို ဈေးတန်း(၇/၈)ရပ်ကွက်အတွင်းရှိ ကံ့ကော်လမ်း ကတ္တရာလမ်းသစ် ခင်းခြင်းကို မေ ၂၇ ရက်တွင် စတင်ဆောင်ရွက်သည်။

ဆောင်ရွက်

ယင်းကံ့ကော်လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်ပြီး စည်ပင်ထည့်ဝင်ငွေကျပ် ၁၅၂၂၅၀၀ နှင့်ပြည်သူထည့်ဝင်ငွေကျပ် ၂၁၇၇၅၀၀ စုစုပေါင်း ငွေကျပ် ၃၇၀၀၀၀၀ ဖြင့် အကုန်ကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါလမ်းသစ်ခင်းခြင်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့ အနီးကပ်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ဝါဆိုသင်္ကန်းကပ်မည်

ပဲခူး ဇွန် ၁၆

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ရာပြည့်မော်ရုံကြီး၌ ဆရာတော်ကြီးအား အမှူးထား၍ စာချ၊ စာသင် သံဃာတော် အပါး ၁၀၀၀ ကျော်တို့အား ဒွိစုံဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်းတို့ကို ဇူလိုင် ၂၁ ရက် (ကြာသပတေးနေ့)တွင် ကြခတ်ဝိုင်းသာသနာပြု အသင်းကြီးမှ ကြီးမှူး၍ စုပေါင်းဆက်ကပ်ကြမည် ဖြစ်သည်။ **(က-ပ)**

ပညာသင်စရိတ်နှင့် ဝတ်စုံထောက်ပံ့

ဟိုပင် ဇွန် ၁၆

ကချင်ပြည်နယ် ဟိုပင်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၂၀၀၅-၂၀၀၆ ခုပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစုဝင်များအား ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့် ဝတ်စုံစရိတ် ထောက်ပံ့ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ကျော်က အမှာစကား ပြောကြားပြီး ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ် ထောက်ပံ့ငွေကျပ် ၆၅၀၀၀ ကို အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ဝန်ထမ်းမိသားစုကိုယ်စား ဝန်ထမ်းတစ်ဦးက လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

ဇွန် ၁၈ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်လမ်းဘေး ဝဲ၊ယာတစ်လျှောက် စိန်ပန်း၊ စွယ်တော် စသည့် ပန်းအလှပင်များ စိုက်ပျိုးမှုတို့ကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး ကြည့်ရှုအားပေး

ဂန့်ဂေါ ဇွန် ၁၀

မကွေးတိုင်း ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာအနီးရှိ ရှေးဟောင်းရွှေသီတာ စေတီတော်ပရိဝုဏ်ကို မြစ်သာမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးနှင့် စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်း ဆောင်ရွက်ရာသို့ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေသည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်(၂) ဦးသိန်းထွဋ်နှင့်အတူ မေ ၂၈ ရက် နံနက်က ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် မင်းရွာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိသည့် ပိဋကတ်စာကြည့်တိုက်တွင် ပေစာ၊ ပုရပိုက်နှင့် စာအုပ်များ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဖွင့်လှစ်ပြီး ပိဋကတ်တိုက်၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ တိုးတက်အောင် ထိန်းသိမ်းဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

(၄၆၅)

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ပြင်ဦးလွင် ဇွန် ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ရေချမ်းအိုးကျေးရွာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေးနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ရေချမ်းအိုးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်စိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဌေးတို့က ပညာသင်စရိတ် ထောက်ပံ့ရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဌေးသို့ ပေးအပ်သည်။ **(အောက်ပုံ)** **(က-ပ)**

မင်းတပ်မြို့ မြို့ရေပေးရေး စိမ့်စမ်းရေများ ရေထွက်ရှိမှုအခြေအနေနှင့် ရေကန်များ သန့်ရှင်းရေးဆောင်ရွက်မှုတို့ကို မေ ၂၃ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့ ကျိုက္ခမီသွား ကားလမ်းဘေး ဝဲ၊ယာတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များအား စည်ပင်သာယာရေးဝန်ထမ်းများ စိုက်ပျိုးနေမှုကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

မိုးကုတ် ဇွန် ၈

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့သည် ဇွန် ၆ ရက်က မိုးကုတ်မြို့ ကျပ်ပြင်အုပ်စုအတွင်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျပ်ပြင်မြို့မှ တစ်မိုင်ခန့်အကွာရှိ ရေထွက်ကြီးကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

(နယ်စပ်စည်ပင်)

မြို့နယ် သတင်းများ

အငြိမ်းစား သူနာပြုများအား ကန်တော့ပွဲ ကျင်းပ

မုံရွာ ဇွန် ၈

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့နှင့် အငြိမ်းစား သူနာပြုဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၂ ရက်က မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီး မူးယစ်အထူးကုသဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ဒုတိယနည်းပြ ဒေါ်တင်မမမောင်နှင့် သူနာပြုဒေါ်မိမိချွန်တို့က ဟောပြောပြီး သူနာပြုအုပ်၊ သူနာပြုအသင်းခွဲဥက္ကဋ္ဌ ဒေါ်ကြည်မာက ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**

အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

မော်လမြိုင် ဇွန် ၂၁

မော်လမြိုင်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အမှတ်စဉ်(၃/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့် သင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်နီလာအေးတို့က အမှာစကားပြောကြားကြပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အမျိုးသမီးဝတ် အမျိုးမျိုး၊ ကျားဝတ်စုံအမျိုးမျိုး၊ မြန်မာ့အစားအစာနှင့် မုန့်မျိုးစုံလုပ်ငန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများကို စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသူ ၄၅ ဦး တက်ရောက်၍ သင်တန်းကာလ တစ်လခွဲကြာမြင့်သည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပျော်ဘွယ်ရပ်ကွက် နယ်လှည့်စာကြည့်တိုက်ဖွင့်

မန္တလေး ဇွန် ၁၅

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်/ဆက် ဦးစီးဌာနနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက်က ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးသိန်းဇော်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** အခမ်းအနားသို့ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နှင်းမူနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

သောက်သုံးရေရရှိရေး ဆောင်ရွက်

ကြာအင်းဆိပ်ကြီး ဇွန် ၁၅

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဝါဘိုးကုန်းကျေးရွာအုပ်စု ဝါဘိုးကုန်းကျေးရွာတွင် သန့်ရှင်းသည့် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လက်တူးတွင်းတစ်တွင်း တူးဖော်ပြီး အုတ်စီခြင်းလုပ်ငန်းကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးစံလွင်အေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(နယ်စပ်စည်ပင်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သာကေတမြို့နယ် (၃)မာန်ပြေရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (မြို့တော်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ ပြုလုပ်ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ တက်ရောက်အားပေး ကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် နံနက် ၈နာရီတွင် သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ သာကေတမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ဆွေနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က တိုင်း၊ ခရိုင်နှင့် မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်၌ ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရပ်ကွက်များ၊ ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေသည့်ခြင်များမပေါက်ပွားစေရေးနှင့် လောက်လမ်းကင်းစင်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❒

မုတ်သုံလေ အားအသင့်အတင့်

ရန်ကုန် ဇွန် ၂၂

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့် ရှိနေသည်။

ဇွန် ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မင်းတပ်-မတူပီ ကတ္တရာလမ်း မိုင် ၅၀ ဖွင့်ပွဲ အခမ်းအနားကျင်းပ အကျယ်ပေ ၃၀ လမ်းသားချဲ့၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ လွယ်လင့်တကူသွားလာနိုင်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းရရှိ

ရန်ကုန် ဇွန် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် မင်းတပ်-မတူပီလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် မင်းတပ်မြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းအောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များအား လမ်းဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အနေဝေးပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု အားနည်းခဲ့ရသည်ကို ကျော်လွှားနိုင်စေရန် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ လမ်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်အတွင်း၌ လမ်းမိုင်ပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် မိုင် ၁၈၆၄၀ တိုးတက်လာပြီဖြစ်၍ လမ်းမိုင်ပေါင်း ၅၀၀၅မိုင် တိုးတက်လာခဲ့သည်ကို တွေ့မြင်နိုင်ကြောင်း။

ချင်းပြည်နယ်အတွင်း ၁၉၈၈ခုနှစ်မတိုင်မီ လမ်းမိုင် ၆၉၅မိုင်သာရှိခဲ့ပြီး ယနေ့အထိ တိုးတက်ဖောက်လုပ်ပြီးသည့် စုစုပေါင်းမိုင်အရှည်မှာ ၁၀၆၁မိုင်၊ ခြောက်ဖာလုံဖြစ်၍ ချင်းပြည်နယ်အတွင်း လမ်းမိုင်အရှည် ၃၆၆မိုင်၊ ခြောက်ဖာလုံ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်၊ တိုင်းအသီးသီး၌ ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၁၈၃စင်းကို တည်ဆောက်ခဲ့ရာတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✡

ဆောင်းပါးအညွှန်း

▶ ***မိသားစုဟူသည် နိုင်ငံတစ်နိုင်ငံ၏ အသေးဆုံးအဖွဲ့အစည်းဖြစ်ပြီး မိသားစုတစ်ခုတွင် ဖခင်ဖြစ်သူကို Head of a family ဟူ၍လည်းကောင်း၊ မိခင်ဖြစ်သူကို Heart of a family ဟူ၍လည်းကောင်း ဆိုထားပေရာ နှလုံးသားနှင့်တူသောမိခင်သည် မိသားစုတွင် အချက်အချာအကျဆုံး၊ အလိုအပ်ဆုံးဟု ဆိုနိုင်သည်။***

တက္ကသိုလ်သခ်၏ **"မြန်မာအမျိုးသမီးများဂုဏ်ရည်"**

ဆောင်းပါး (စာမျက်နှာ-၆)

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

ဝိသာနုတရား လက်ကိုင်ထား

ခိုင်မာအင်အား မြန်မာအမျိုးသမီးများ